ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလကွယ်၊ ကြာသပတေးနေ့၊ (22-3-2012) (၇၀၇၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အဆိုတင်သွင်း

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ခန်းမ၌ကျင်းပရာ ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၄၉၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခုတင်သွင်းခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၂)ခုမှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ အဖြစ် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ**တွင် အခမ့ ခိုင်းစေမှုပပျောက်ရေးဆိုင်ရာ တားမြစ်ချက်များထည့်သွင်းရန် အရေးတကြီးလိုအပ်လာသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးငှာ အထူးကိစ္စတစ်ရပ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ရန် ယင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အဆို တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရှင်းလင်းတင်ပြပြီး ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်း အဝေးအပြီးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းသိရသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ မတ် ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အတည်ပြုပြီးဖြစ်သည့် **ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ထပ်မံပြင်ဆင် ဖြည့်စွက်ရန် လိုအပ်သည့်အချက်များကိုတွေ့ရှိရသဖြင့် ဥပဒေထုတ်ပြန် ခြင်းမပြုသေးမီ အတည်ပြုနိုင်ရေးအတွက် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် အချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက တင်ပြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူ ဆောင်ရွက်သည်။

ဥပဒေကြမ်း၏ခေါင်းစဉ်၊ အပိုဒ် ၂(ဠ)၊ အပိုဒ် ၉(င)၊ အပိုဒ် ၁၂(စ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁(င)၊ အပိုဒ် ၆၃ တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်များ အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ထပ်မံဖြည့်စွက်ခြင်း ကြောင့် တိုးလာသည့် အပိုဒ်၊ အပိုဒ်ခွဲများအရ ပြင်ဆင်သည့်ဥပဒေကြမ်း တွင် အမှတ်စဉ်ပြင်ရန်ဖြစ်ကြောင်း လွှတ်တော်ကအတည်ပြုဆုံးဖြတ် သည်။

မှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခဲ့သည့် **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်း**နှင့် **အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ဆောင်ရွက်သည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍ၌ **၂၀၁၂ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ** စာမျက်နှာ ၃ ကော်လံ ၁ သို့◆

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၄)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

ဒေါက်တာသာစိန်

အက်စ်ပရင်ကို နေ့စဉ်မှီဝဲခြင်းဖြင့် ကင်ဆာရောဂါကာကွယ်နိုင်

အက်စ်ပရင်ကို နေ့စဉ်မှီဝဲခြင်းဖြင့် ရုတ်တရက် နှလုံးဖောက်ပြန်မှု (သို့မဟုတ်) လေသင်တုန်းဖြတ်မှုတို့ကို ကာကွယ်နိုင်ကြောင်း ဆေးပညာရှင်များက အသိအမှတ်ပြု လက်ခံထားကြသည်။

ယခုအခါ အက်စ်ပရင်ကို နေ့စဉ်မှီဝဲခြင်းဖြင့် ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း(သို့မဟုတ်) ဖြစ်ပြီးသား ကင်ဆာရောဂါကို အထိုက်အလျောက် ထိန်းချုပ်နိုင်ခြင်း စသော အချက်များအား လေ့လာဆန်းစစ်မှု အသစ်များမှ တွေ့ရှိခဲ့ကြပြန်သည်။

အောက်စ်ဖို့ဒ် တက္ကသိုလ်မှ ပါမောက္ခ ပီတာအမ်ရော့သ်ဝဲလ်နှင့် အဖွဲ့၏ လေ့လာဆန်းစစ်မှုအရ အက်စ်ပရင်ကို နေ့စဉ်မှီဝဲသူများမှာ ကင်ဆာရောဂါဖြင့် သေဆုံးခြင်းမှ ၁၅ ရာခိုင်နှုန်း ဟန့်တားနိုင်ပြီး အက်စ်ပရင်ကို နေ့စဉ်ဆက်တိုက် ငါးနှစ်နှင့် အထက် မှီဝဲသူများမှာ ကင်ဆာဖြစ်ပွားမှုကို ၃၇ ရာခိုင်နှုန်း ဟန့်တားနိုင်ကြောင်း၊ ၎င်းတို့၏ တွေ့ရှိချက်များအား မတ် ၂၀ ရက်ထုတ် The Lancet and The Lancet Oncology ဂျာနယ်တွင် ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် ၎င်းတို့၏ ဒုတိယတွေ့ရှိချက်အရ အက်စ်ပရင်ကို နေ့စဉ်မှီဝဲသူများမှာ ကင်ဆာရောဂါပြန့်ပွားကူးစက်မှု၏ ၃၆ ရာခိုင်နှုန်းကို ကာကွယ်နိုင်ကြောင်း၊ အထူးသဖြင့် အူမကြီးကင်ဆာရောဂါရှင်များ အနေဖြင့် အခြားကလီစာများသို့ ထပ်မံမကူးစက်နိုင်အောင် ၇၄ ရာခိုင်နှုန်း ဟန့်တားနိုင်ကြောင်း၊ ထို့ပြင် အက်စ်ပရင်သည် အူမကြီး၊ အဆုတ်၊ ဆီးကျိတ်ကင်ဆာများကို ၄၆ ရာခိုင်နှုန်းနှင့် ဆီးအိမ်နှင့် ကျောက်ကပ်ကင်ဆာကို ၁၈ ရာခိုင်နှုန်းဟန့်တားနိုင်ကြောင်း ဆိုသည်။

၎င်းတို့၏ တတိယတွေ့ရှိချက်အရ အက်စ်ပရင်သည် ကင်ဆာရောဂါကူးစက်ပြန့်ပွားမှုကို ဟန့်တားနိုင်သည်ဟု ဆိုသော်လည်း လက်ခံနိုင်လောက်သော အဖြေများရရှိရန် ၁၀နှစ်မှ နှစ်၂၀ အထိ ကြာနိုင်ကြောင်း၊ ၎င်းတို့၏တွေ့ရှိချက်အရ အက်စ်ပရင်သည် အူမကြီးကင်ဆာဖြစ်ပွားမှုကို ၃၈ရာခိုင်နှုန်း ဟန့်တားနိုင်သကဲ့သို့ အစာအိမ်နှင့် ရင်သားကင်ဆာများကို ဟန့်တားနိုင်ကြောင်း၊သို့သော် အချို့သောသူများမှာ(အထူးသဖြင့် အစာအိမ်

သွေးကြောပေါက်ရန်နှင့် ဦးနှောက်ထဲသွေးယိုစီးရန် အလားအလာရှိသူများ)မှာ အက်စ်ပရင်သည် အန္တရာယ်ရှိကြောင်း၊ အထူးသဖြင့် အစာအိမ် သွေးကြောပေါက်ဖူးသူများ၊ ပန်းနာရင်ကျပ်နှင့်နှလုံးရောဂါရှိသူများ အက်စ်ပရင်ကို ရှောင်ရှားရမှာ ဖြစ်ကြောင်း၊ ထို့အပြင် သတိပြုရန် အချက်တစ်ချက်မှာ အက်စ်ပရင်ကို နေ့စဉ်မှီဝဲပြီးမှ အချိန်အတိုင်းအတာတစ်ခုထိ ကြာလာသောအခါ ဆေးမှီဝဲခြင်းကို ရပ်ထားလိုက်ပါက တစ်နှစ်အတွင်း ရုတ်တရက် နှလုံးဖောက်ပြန်မှု ဝေဒနာ ခံစားရဖွယ်ရှိကြောင်း လေ့လာဆန်းစစ်ချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ကြေးမုံစာတည်းရှုထောင့် ၂၂-၃-၂၀၁၂[ကြာသပတေးနေ့]။

တန်ဖိုးအရှိဆုံးအရာ

အရာခပ်သိမ်းတို့သည် တန်ဖိုးအသီးသီးရှိကြသည်။ တန်ဖိုးဟူသည် လူမှုဝန်းကျင်၌သာ ရှိကြသည်။ အဖိုးတန်သောအရာကိုလည်းကောင်း၊ အသုံးဝင်သောအရာကိုလည်းကောင်း တန်ဖိုးထားတတ်ကြသည်။ အဖိုးတန်သည့်၊ အသုံးဝင်သည့်အရာတို့ကို အသုံးပြုတတ်၊ အသုံးချတတ်မှသာလျှင် တန်ဖိုးရှိမည်၊ အသုံးဝင်မည်ဖြစ်သည်။ တစ်ခါတစ်ရံ အသုံးဝင်သည်၊ အဖိုးတန်သည် ဆိုသောအရာတို့သည် အခြေအနေ၊ အချိန်အခါအရ အသုံးမဝင်၊ တန်ဖိုးမရှိခြင်းတို့နှင့်လည်း ကြုံတွေ့ရတတ်သည်။

တန်ဖိုးဆိုသည့်အရာကို "ရော်ဘင်ဆန် ခရူးဆိုး" ပုံဝတ္ထုက ဤသို့ ပြဆိုခဲ့သည်။ လူသူကင်းမဲ့နေသည့် ကျွန်းပေါ်သို့ သင်္ဘောပျက်၍ အသက်မသေဘဲရောက်လာသော ရော်ဘင်ဆန် ခရူးဆိုးသည် ကျွန်းပေါ်တွင် စိန်ကျောက်ရတနာများရှိသော်လည်း အလိုမရှိချေ။ သူသည် ခြေကုန်လက်ပန်းကျနေသည့်အတွက် အစားအစာနှင့်ရေကိုသာ တောင်းတခဲ့သည်။ သူအသက်ရှင်ရပ်တည်နိုင်ရေးအတွက်မူ အစာရေစာမှတစ်ပါး အခြားအရာတို့သည် သူ့အတွက် တန်ဖိုးမရှိချေ။ ဤတွင် ကျွန်ုပ်တို့တန်ဖိုးထားသော စည်းစိမ်ဥစ္စာရတနာတို့သည် အသုံးမဝင်၍ တန်ဖိုးမရှိဖြစ်ခဲ့ရသည်။

ဥစ္စာပစ္စည်းကြွယ်ဝသူသည် လောကတွင် တည်ရှိသော ပစ္စည်းမှန်သမျှ သူမရနိုင်သောအရာဟူ၍ မရှိဟုဆိုသည်။ သို့သော်လည်း တောင်းတတိုင်း အလိုမပြည့်သည့် အရာလည်းရှိပေသည်။ သူသည် ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝသော်လည်း ကျန်းမာရေးမကောင်းသဖြင့် အဖိုးတန်သည်ဆိုသော ပစ္စည်းဥစ္စာသည် သူ့အတွက်အသုံးမဝင်၊ တန်ဖိုးမရှိချေ။ ထိုအခါ သူသည် ကိုယ်လည်း မကျန်းမာ၊ စိတ်လည်းမချမ်းသာတော့ပေ။ သူ့ဘဝဝယ် တန်ဖိုးတခြား၊ စည်းစိမ်တခြား ဖြစ်ခဲ့ရသည်။

ကျွန်ုပ်တို့ လူမှုဝန်းကျင် ဆက်ဆံကြရာတွင် တွေ့မြင်ရသည့်သာဓကများလည်း ရှိကြသည်။ ကောင်းစွာလုပ်ကိုင်ရှာဖွေကျွေးမွေးသည့် လင်ယောကျ်ားကို ဇနီးမယားက တန်ဖိုးထားသည်။ ကောင်းစွာသင်ကြားပြသသည့် ပညာရှိဆရာသမားတို့ကို တပည့်သားသမီးများက တန်ဖိုးထားကြသည်။ ကောင်းစွာနိဗ္ဗာန်မဂ်ဖိုလ်ကို ညွှန်ပြသည့် ရဟန်း၊ သံဃာကို ဒါယကာ ဒါယိကာမများက တန်ဖိုးထားကြသည်။ ကောင်းစွာတရားမျှမှုဖြင့်အုပ်ချုပ်သူ မင်းကောင်းမင်းမြတ်ကို တိုင်းသူပြည်သားတို့ တန်ဖိုးထားကြသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် လောကမှာ မည်သည့်အရာမဆို အသုံးမဝင်လျှင် အဖိုးမတန်၊ အသုံးဝင်မှ တန်ဖိုးရှိမည်ဟု ဆိုရပေမည်။ သို့သော်လည်း ကမ္ဘာကျော်ပန်းချီဆရာကြီး ဗန်ဂိုး၏လက်ရာပန်းချီကားသည် အသုံးဝင်ခြင်းမရှိဘဲနှင့် အလွန်တန်ဖိုးရှိသည်ကို တွေ့မြင်ရပြန်သည်။ ထိုအခါ လောကမှာ လူသားတို့စိတ်ဝင်စားသည့်အရာသည်လည်း တန်ဖိုးရှိသည်ဟု ဆိုရပေမည်။

အသိပညာ၊ အတတ်ပညာတတ်ကျွမ်းမှုသည်လည်း တန်ဖိုးရှိသည်။ မိမိသိသည့်အရာ၊ မိမိတတ်ကျွမ်းသည့်ပညာတို့ကို အသုံးပြုမှ၊ အသုံးချမှသာ အဖိုးတန်မည်၊ တန်ဖိုးရှိမည် ဖြစ်သည်။ တတ်သိသည့်ပညာကို အကျိုးရှိအောင် အသုံးမပြု၊ မျှဝေခြင်းမရှိခဲ့လျှင်လည်း တန်ဖိုးရှိမည် မဟုတ်ချေ။

လူ့ဝန်းကျင်ရှိ တန်ဖိုး၏အနက်အဓိပ္ပာယ်သည် ကျယ်ဝန်းနက်ရှိုင်းများပြားလှပေသည်။ မည်သို့ပင်ဆိုစေကာမူ တန်ဖိုးဟူသည် စေတနာ၊ မေတ္တာ၊ ပညာ၊ သဒ္ဓါ၊ ဟီရိဩတ္တပ္ပစသည်တို့ ပါမှသာလျှင် တန်ဖိုး၏ သဘောသဘာဝကို အပြည့်အဝသိနိုင်မည်ဖြစ်သည်။

တန်ဖိုးအရှိဆုံးနှင့် တန်ဖိုးအကြီးဆုံးအရာသည် သဒ္ဓါဖြစ်သည်ဟု အောင်ခြင်းရှစ်ပါး၏ အာဠဝကဘီလူးမင်းအား ကယ်ချွတ်ခန်း၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်။ **တန်ဖိုးထား အထင်ကြီးနေသည့် စည်းစိမ်ဥစ္စာများသည် ရန်သူမျိုးငါးပါးနှင့် မကင်း၊ အချိန်မရွေး ဆုံးရှုံးနိုင်သည်။ ဤပစ္စည်းများကြောင့်ပင် စိုးရိမ်ကြောင့်ကြရ၊ အလုအယက်အနှောင့်အယှက်ခံရသဖြင့် ဒုက္ခရောက်ကြရသည်။ သေလျှင်လည်း ပါမသွား၊ ထားရစ်ခဲ့ရသည်။ တစ်ဘဝစာလေး ကျေနပ်သယောင်ရှိသော်လည်း ပစ္စည်းမှပေးသောဒုက္ခက မိမိရရှိလိုက်သော တစ်ခဏတာပီတိထက် ဒုက္ခက အဆပေါင်းများစွာ သာလွန်နေသည်။**

သဒ္ဓါဆိုသည့် ယုံကြည်ချက်မှာ ခိုင်မြဲသည်။ မည်သူမျှ ခိုးယူလုယက်၍ မရနိုင်။ သဒ္ဓါဟူသည် ကောင်းတာပြုလုပ်လျှင် ကောင်းတာခံစားရမည်ဟူသော ယုံကြည်ချက်ကြောင့် ဒါနပြုလိုခြင်း၊ သီလဆောက်တည်လိုခြင်း၊ တရားနာလိုခြင်း စသည့်ကုသိုလ်စိတ်များ ဖြစ်ပေါ်လာသည်။ အားကောင်းသောသဒ္ဓါတရားကြောင့် ဘဝအဆက်ဆက် ကောင်းတာတွေအများကြီး ခံစားကြရသည်။ ထို့ကြောင့် အမြတ်ဆုံးဥစ္စာသည် သဒ္ဓါပင်ဖြစ်သည်ဟု မြတ်စွာဘုရားရှင် မိန့်ကြားတော်မူခဲ့သည့်အတိုင်း တန်ဖိုးရှိသောလူ့ဘဝဝယ် တန်ဖိုးအရှိဆုံးသော သဒ္ဓါတရားဖြင့် လူ့ဘောင်လောကကို တည်ဆောက်စေချင်ပါသည်။ ။

မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မတ် ၂၁

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းအား JICA Myanmar Office မှ တရားဥပဒေရေးဆိုင်ရာ အကြီးတန်းအကြံပေး Mr. Naoshi SATO သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ကော်မတီအဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။ **(ဝဲပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်းနှင့် ကော်မတီဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဌေးအောင်အား ဩစတြေးလျနိုင်ငံ သံရုံးမှ သံတမန်များတွေ့ဆုံ

နေပြည်တော် မတ် ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား ဗန်ကောက်မြို့ရှိ ဩစတြေးလျနိုင်ငံသံရုံးမှ Immigration Counsellor Mr. Greg Wallis နှင့် ရန်ကုန်မြို့ရှိ ဩစတြေးလျနိုင်ငံ သံရုံးမှ Deputy Head Mission Ms. Ruth Stewart တို့သည် ယနေ့ ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ဩစတြေးလျနိုင်ငံသား ခရီးသွားများ မြန်မာနိုင်ငံသို့ စိတ်ပါဝင်စားမှုရှိနေသဖြင့် လာရောက်လည်ပတ်နိုင်မည့်အခြေအနေများ၊ ပညာရေးကဏ္ဍတွင် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူနည်းပညာရှင်များဖြင့် အထောက်အပံ့ အကူအညီပေးရေး၊ ဩစတြေးလျနိုင်ငံတွင် လက်ရှိ e- Visa စနစ်ကျင့်သုံးဆောင်ရွက်ရာ၌ တွေ့ကြုံနေရသော အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၃-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅	တရားတော်
၈း၁၅	မှတ်တမ်း
၄း၂၀	ဇာတ်လမ်းတို
၄း၅၀	မွေးမြူသုတ
၅း၁၀	သာယာသီကြွေး
	ခေတ်ဆန်းတေး
၅း၃၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
	-မာယာနှုတ်ခမ်း(အပိုင်း-၁၅၄)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅	ကာတွန်းအစီအစဉ်
	-စူပါဟမ်းစတား(အပိုင်း-၃၅)
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
	-ချစ်ခွန်းဖွဲ့သီချစ်သူဆီ
	(အပိုင်း-၆၄) (ဇာတ်သိမ်း)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

နိုင်ငံရေးပါတီများဟောပြောချက်
-ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ
-အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
-(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
-အနုပညာရှင်၏တစ်နေ့တာ
-(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း "အဖေတူသား" (ပထမပိုင်း)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၁၃)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၁

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ၊ ၁၂ ဦး ယိမ်းပြိုင်ပွဲများ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ၊ ၁၂ ဦးယိမ်း၊ ၁၆ ဦးယိမ်းပြိုင်ပွဲများ၊ ၂၀ ဦးယိမ်း အလွတ်တန်းပြိုင်ပွဲများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ ကျင်းပပေးမည် ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသော အသင်းများသည် ဧပြီ ၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ် မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီစစ်ဆေးရေးဌာန၌ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်ကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၃၇၉၆၉၃ နှင့် ၃၇၈၀၀၃ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့မိုးလေဝသနေ့နှင့် စိန်ရတုအထိမ်းအမှတ် အခမ်းအနား ကျင်းပမည်

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံ၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန စတင်ထူထောင်သည့် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားနှင့် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားကို မတ် ၂၄ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေးရုံး၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အထိမ်းအမှတ်အခမ်းအနားများနှင့်အတူ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ ပညာပေးပြခန်းငယ်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေးတွင် မတ် ၂၄ ရက်မှ ၂၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်စိုး)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၇၅၀	၀. ၀၃၂၄၉
တရုတ် (ယွမ်)	၆. ၃၂၀၆၆	၀. ၁၅၈၂၁
အိန္ဒိယ (ရူပီး)	၅၀. ၆၅၉၂	၀. ၀၁၉၇၄
မလေးရှား (ရင်းဂစ်)	၃. ၀၇၇၂၅	၀. ၃၂၄၉၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၃၄၀	၀. ၇၉၁၅၁
ဂျပန် (ယန်း)	၈၃. ၉၅၇၂	၀. ၀၁၁၉၁
တောင်ကိုရီးယား(ဝမ်)	၁၁၂၉. ၅၅	၀. ၀၀၀၈၉
ယူရို	၀. ၇၅၅၆၁	၁. ၃၂၃၄၄
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၁၁	၁. ၅၈၄၅၁

အင်တာနက်။

i-pay card ဖြင့် ယာဉ်စီးခကောက်ခံမှုကို အဓိပတိ(အပြာရောင်)လိုင်း၌ စမ်းသပ်သုံးစွဲသွားမည်

ရန်ကုန် မတ် ၂၁

ခရီးသည်တင် ယာဉ်လိုင်းများတွင် ယာဉ်စီးခ ငွေကြေးအတွက် i-pay card စနစ်ဖြင့် သုံးစွဲနိုင်ရန် စီစဉ်နေပြီး လာမည့် ဧပြီ ၂ ရက်မှ စတင်ကာ အဓိပတိ (အပြာရောင်) ယာဉ်လိုင်း၌ စမ်းသပ်သုံးစွဲနိုင်ရန် စီစဉ်ထားကြောင်း မတ် ၂၁ ရက်တွင် မထသ(ဗဟို)၌ ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါစနစ်ကို Pilot Project ဖြင့် စီစဉ်နေခြင်းဖြစ်ပြီး အဓိပတိ(အပြာရောင်) ယာဉ်လိုင်းမှ ယာဉ် ၁၀ စီး၌ စမ်းသပ်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ယင်းအတွက် သုံးစွဲပုံ သုံးစွဲနည်းများနှင့် ပတ်သက်၍ မတ် ၁၇ ရက်မှ စတင်ကာ ယာဉ်လုပ်သားများကို လိုအပ်သည့်သင်တန်းပို့ချမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ယင်းစမ်းသပ်မှု အောင်မြင်တွင်ကျယ်လာပါက အခြားသော စီးတီးဘတ်စ်ယာဉ်လိုင်းများ၌ သုံးစွဲသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထိုစနစ်မှာ စီးနင်းသည့်ခရီးသည် အနေဖြင့် i-pay card များကို ဝယ်ယူထားရမည်ဖြစ်ပြီး ယာဉ်စီးခကျသင့်ငွေကို ယင်း i-pay card မှ စက်ဖြင့် ဖြတ်တောက်သွားမည်ဖြစ်ကြောင်း၊ i-pay card များကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

◆ **ပြည်ထောင်စုလွှတ်တော်မှ ဥပဒေကြမ်း**ဖြင့် တင်ပြထားသော ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆွေးနွေးရာတွင် တင်ပြချက်များသည် မူသဘောဆန်သော်လည်း ဥပဒေအတွက် အထောက်အကူပြုမည့် ကိစ္စရပ်များဖြစ်သည့်အတွက် ခွင့်ပြုပေးရန် နာယကကြီးအား ကြိုတင် တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရက တင်ပြလာသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေစာရင်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း) ပြင်ဆင်တင်ပြချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် မူလဥပဒေကြမ်းနှင့်စာလျှင် ပိုမိုသင့်တင့်ကောင်းမွန်လာသည်ကို တွေ့ရှိရပါကြောင်း ဝမ်းမြောက်စွာ တင်ပြရပါကြောင်း။

ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၏ မူလတင်ပြခဲ့သော အမျိုးသားစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်က အကောင်းမြင် အပြုသဘောဖြင့် ပြင်ဆင်အတည်ပြုလိုက်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအတွက် လစဉ်ထောက်ပံ့ငွေ တစ်လလျှင် ကျပ်ငွေ ၃၀၀၀၀ (ကျပ်ငွေသုံးသောင်း)အား လာမည့်ဘဏ္ဍာနှစ်အစမှ စတင်ခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ မူလက လိုငွေ (၂၅၁၇၈၈၈)သန်း ရှိနေရာမှ ယခုအခါ (၁၉၅၃၇၁၂)သန်းအထိ လျော့ကျသွားပြီး လိုငွေအချိုး GDP မှာလည်း ယခင်က (၄ ဒသမ ၉၀) ရာခိုင်နှုန်းမှ (၃ ဒသမ ၈၀) ရာခိုင်နှုန်းသို့ လျော့ကျခဲ့ပါကြောင်း၊ ထို့အတူ ချင်းပြည်နယ်အတွက် ကျပ်သန်း (၂၀၀၀) တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

အထက်ပါရလဒ်များသည် ပြည်ထောင်စုကိုယ်စားလှယ်များ၏ ကောင်းမွန်သော စိတ်ထားစေတနာမှန်များနှင့် ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့၏ တင်ပြလာမှုအား ထိန်းညှိကူညီဆောင်ရွက်မှု၊ တစ်နည်းအားဖြင့် တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်မှုကို နားလည်လက်ခံ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့်သာ ဖြစ်ပါကြောင်း၊ သို့ရာတွင် အချိန်ရရှိမှု၊ တိုတောင်းနည်းပါးမှု၊ စာရွက်စာတမ်း၊ စာအုပ်နှင့် အချက်အလက်များ မပြည့်စုံမှုကြောင့် ရာခိုင်နှုန်းပြည့် ပြည့်စုံကောင်းမွန်သော၊ ညှိနှိုင်း၍ ရရှိသော အတည်ပြုချက်များဖြစ်ရန် ခက်ခဲမှုများ ရှိခဲ့ပါကြောင်း။

ထို့ကြောင့် နောင်နှစ်များတွင် ဆွေးနွေးညှိနှိုင်းမှုအတွက် အချိန်လုံလောက်ရန်နှင့် လုပ်ဆောင်မှု လွယ်ကူချောမွေ့စေရန် ဥပဒေ၊ နည်းဥပဒေများကိုလည်း လေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်တာ ပြင်ဆင်၊ ဖြည့်စွက်သင့်တာ ဖြည့်စွက်ရန်လိုသည်ကို နာယကကြီးအား လေးစားစွာ တင်ပြပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားစီမံကိန်းများကို စိစစ်အတည်ပြုရာတွင် စီမံကိန်းဆောင်ရွက်မှုကို နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် လုပ်ငန်းများရပ်ဆိုင်းထားရန်ဟု သတ်မှတ်ဖော်ပြထားခြင်း မရှိသော်လည်း အခြေအနေမှန်များကို အစိုးရအဖွဲ့သို့ အသိပေးနိုင်ခဲ့၍ စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိနှင့် ဖြစ်နိုင်စွမ်း ရှိ/မရှိ သံသယရှိသော စီမံကိန်းများကို ပြန်လည်လေ့လာသုံးသပ်ပြီး သေချာစွာစိစစ်ပြီးမှ လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်လည်း အစိုးရအဖွဲ့အကြီးအကဲက သိရှိသွား၍ ယနေ့ စိစစ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြရလျှင် ဘဏ္ဍာငွေခွင့်ပြုချက်ကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးခဲ့သော်လည်း သံသယရှိသော စီမံကိန်းများကို ပြည်ထောင်စုအစိုးရက စိစစ်ပြီး အတည်ပြုချက်ရမှသာ ထိုဘဏ္ဍာငွေများကို သုံးစွဲသွားရန် ပြည်ထောင်စုအစိုးရက သဘောတူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ စက်ရုံ၊ အလုပ်ရုံများအား အခြေအနေမှန်များကို စစ်ဆေးစိစစ်ပြီး ယခုနှစ်မှစ၍ ပုဂ္ဂလိကသို့ လွှဲပြောင်းရေး၊ (PPP-Public Private Partnership) ဖြစ်ရေးအတွက် အစိုးရအဖွဲ့က ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အမျိုးသားစီမံကိန်းများ စိစစ်အတည်ပြုဆုံးဖြတ်ရာတွင် တစ်ယူနစ်ကုန်ကျစရိတ်၊ တစ်ဧက ကုန်ကျစရိတ်များကို စိစစ်တွက်ချက်၍ ချင့်ချိန်နှိုင်းယှဉ်သုံးသပ်ပေးပြီး လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ အသိပေးတင်ပြနိုင်ခဲ့ခြင်းကြောင့် ကိုယ်စားလှယ်များအား ကျေးဇူးတင် မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပါကြောင်း၊ အခွန်ရငွေသည် နိုင်ငံအတွက်အရေးကြီးသကဲ့သို့ အလေးထားရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် သဘာဝအရင်းအမြစ်မှရရှိသော ရငွေများ ရှိနေပြီး ၎င်းငွေများသည် နောင်အနာဂတ်ကာလများတွင် တဖြည်းဖြည်း လျော့နည်းကုန်ဆုံးသွားကြမည် ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေး (S O E - State Owned Enterprises) များမှ အမြတ်ငွေများသည်လည်း ရေရာသေချာမှုမရှိဘဲ အရှုံးဘက်ကိုသာ ဦးတည်နေခြင်း၊ အမြတ်ရသင့်သလောက် မရခြင်းများ ဖြစ်ပေါ်နေ၍ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကပိုင်သို့ လည်းကောင်း၊ (ppp- Public Private Partnership) သို့လည်းကောင်း ပြောင်းလဲရန် ဆောင်ရွက်နေပြီး ဖြစ်ပေါ်တိုးတက်လာသော အခြေအနေအရ အခွန်ငွေများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရရှိလာသော အခွန်ရငွေများဖြင့် ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ အသုံးစရိတ်၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍများတွင် ပိုမိုရင်းနှီးသုံးစွဲလာနိုင်တော့မည်ဖြစ်ပါကြောင်း။

သို့ရာတွင် ယခုတင်ပြသည့် ဥပဒေကြမ်းတွင် အခွန်အချိုး GDP ကို တိတိကျကျ ရှာဖွေတွေ့ရှိမှု မရှိသည့်အတွက် အခွန်ရငွေ သန်း(၁၆၄၄၂၇၄)နှင့် GDP သန်း(၅၁၃၈၂၉၈၅)၏ အချိုးကို ချကြည့်ရာ ၃ ဒသမ ၂ ရာခိုင်နှုန်းခန့်သာရှိသည်ဟု တွက်ချက်၍ရရှိပါကြောင်း၊ ဖြစ်သင့်သည်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် GDP မည်မျှရှိ၍ အခွန်ရငွေ မည်မျှရရှိအောင် ကောက်မည်၊ ထို့ကြောင့် အခွန်အချိုး GDP သည် မည်မျှရှိသည်၊ ထိုကဲ့သို့ရရှိအောင် အခွန်ကောက်ခံရန် တာဝန်ရှိသည်၊ တာဝန်ခံရမည်ကို မြင်သာထင်သာရှိအောင် လွှတ်တော်သို့လည်း တင်ပြရန်လိုမည်ဟု သုံးသပ်ယူဆပါကြောင်း။

အခွန်ဥပဒေများ၊ အမိန့်ကြော်ငြာစာများ ထုတ်ဆင့်ပြဋ္ဌာန်းဆောင်ရွက်နေသည်ဆိုသော်လည်း ပြည်ထောင်စုကိုယ်စားလှယ်များ၏ လက်ဝယ်ရောက်ရှိခြင်း မရှိသေး၍ အသေးစိတ်ဆွေးနွေးခြင်း မပြုနိုင်ခဲ့ပါကြောင်း၊ ပွင့်လင်းထင်သာမြင်သာရှိပြီး သင့်တင့်မျှတသော အခွန်ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ဖြစ်သည်ဟု ကြားသိရပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ အလေအလွင့်မရှိ၊ အယိုအဖိတ်မရှိ၊ အခွန်တိမ်းရှောင်မှုမရှိဘဲ ကောက်ယူရေးအတွက် တာဝန်ရှိသူများက တာဝန်ယူမှုအပြည့်ဖြင့် လိုက်နာ လိုက်ပါဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ထိန်းညှိကူညီဆောင်ရွက်ပေးရမည့် အဖွဲ့အစည်းများကလည်း အထူးသဖြင့် ပြည်ထောင်စုကိုယ်စားလှယ်များကလည်း စေတနာမှန်ဖြင့် စနစ်တကျ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သော အဖွဲ့အစည်းများ ထူထောင်ဆောင်ရွက်ရန်လည်း လိုအပ်ကောင်း လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ထိုအခါ အခွန်ဝင်ငွေ/ရငွေ တိုးလာမည်ဖြစ်ပါကြောင်း၊ ထို့အတူ ငွေကြေးပေါ်လစီသည် အင်မတန်အရေးကြီးသော ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် အခွန်ကောက်ခံမှုကိုလည်း ထိုငွေကြေးပေါ်လစီက အထောက်အကူပြုမည်ဟု ယူဆရပါကြောင်း၊ ထို့ကြောင့် ငွေကြေးပေါ်လစီကို အဓိက ကိုင်တွယ်ဆောင်ရွက်မည့် ဘဏ်နှင့် ငွေကြေးလုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာစံနှုန်းများအတိုင်းဖြစ်ရေး၊ ဘဏ်ဥက္ကဋ္ဌကို သီးခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းထားရှိဆောင်ရွက်ရေး စဉ်းစားရန် လိုအပ်ကြောင်းလည်း နာယကကြီးအား လေးစားစွာ တင်ပြအပ်ပါကြောင်း။

၎င်းပြည်ထောင်စုလွှတ်တော် အစည်းအဝေးအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များ၏ ရိုးသားပွင့်လင်းစွာ ဆွေးနွေးမှုများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးများ ရရှိစေနိုင်သော ဆွေးနွေးတင်ပြချက်များ ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုကိုယ်စားလှယ်များက အထူးကျေးဇူးတင်ရမည်ဟု ပြောကြားရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း၊ ဆောင်ရွက်နေသော်လည်း တိုင်းရင်းသားကိုယ်စားလှယ်များ ထောက်ပြဆွေးနွေးသွားသော အချို့ကိစ္စရပ်များသည် မူသဘောနှင့် လက်တွေ့အပြောနှင့်အလုပ် မညီညွတ်ခြင်းများ၊ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေခြင်းများ တွေ့ရှိခဲ့ပါကြောင်း၊ ရှိနိုင်ပါကြောင်း၊ ကိုးကွယ်သည့်ဘာသာ၊ နေထိုင်ရာဒေသ၊ တိုင်းရင်းသားလူမျိုးစုများအပေါ် ဝန်ထမ်းရေးရာ၊ လူမှုရေးရာ၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးရာတို့တွင် တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ၏ ဆွေးနွေးအကြံပြုမှုများကြောင့် ယနေ့မှစပြီး ပိုမိုမျှတစေရမည်၊ ပိုမိုမျှတအောင် လုပ်ကြရမည်ဟု သန္နိဋ္ဌာန်ချဆောင်ရွက်သွားကြရန်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မိမိပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုကိုယ်စားလှယ်များသည် နိုင်ငံတော်အစိုးရနှင့်အတူ ကတိပြုကတိထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရအပေါ် အားထားယုံကြည်မှု အပြည့်အဝထားရှိရမည်ဖြစ်ပြီး အားလုံးသည်လည်း အပြောနှင့်အလုပ် တစ်ထပ်တည်းဖြစ်အောင် မိမိတို့ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း နာယကကြီးအား လေးစားစွာ တင်ပြပါကြောင်း။

မိမိတို့ထားရှိသော သတိတရားနှင့် စေတနာများ ယခုထက်လျော့မသွားဘဲ ရရှိထားသော သင်ခန်းစာနှင့် အတွေ့အကြုံများကို အခြေခံပြီး ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူ့အတွက် နိုင်ငံအတွက် ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စေတနာမှန်မှန် ဆောင်ရွက်သွားပါမှ ကမ္ဘာမှာ မြန်မာလို့ ဟစ်ကြွေးပြီး ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဆင်အဆိုပြုချက်များကို ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သူရဦးရွှေမန်းက ဥပဒေကြမ်းပါ အပိုဒ် ၄(က)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၂၃(ခ) တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက အပိုဒ် ၇၊ အပိုဒ် ၉ တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက အပိုဒ် ၃(ဃ)၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၃ (ခ)တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုးက နောက်ဆက်တွဲဇယား ၃ ပါ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အခြားသာမန်ရငွေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ရငွေသုံးငွေစာရင်းတွင် လျှော့ချခြင်း၊ ပယ်ဖျက်ခြင်းမပြုရေး၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အသုံးစရိတ်ဘတ်ဂျက်တွင် ပြင်ဆင်ဖြည့်စွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ငွေလုံးငွေရင်း အသုံးစရိတ်နှင့်စပ်လျဉ်း၍ လည်းကောင်း ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပြင်ဆင်ချက်အဆိုမတင်သွင်းမီ တင်ပြချက်များသည် နိုင်ငံတော်အတွက် အရေးကြီးသည့် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ လူမှုရေးအမြင်များဖြစ်ပြီး ၎င်းအမြင်များကို မှတ်တမ်းတင်ကာ ကြာရှည်စွာအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်းယူဆသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကက သူရဦးရွှေမန်း၏ တင်ပြချက်ကို ပူးတွဲ၍ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာအဖြစ် ပေးပို့မည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ယခုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်းတို့ကို မတ် ၂၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည် ထဲ ရေး ဝန်ကြီးဌာန ခေတ္တ ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ အဆိုတင်သွင်းစဉ်။

(သတင်းစဉ်)

ရေဖြူ မဲဆန္ဒနယ်မှ ဦးဝင်းဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ (၉)မိုင် မရမ်းကုန်းမြို့နယ်နေ သံအမတ်ကြီး ဦးဘုန်းမြင့်(ငြိမ်း)-ဒေါ်ကြူကြူလှိုင်၊ သား ဒေါက်တာအောင်မိုးမြင့်နှင့် ဦးလှိုင်မိုးမြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၃-၂၀၁၂ (ကြာသပတေးနေ့)

- ၅း၄၀ “ဒုက္ခတွေကိုဘယ်သူပေးတာလဲ” တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၁၁း၀၀ အောင်စေတီသာသနာ့ဗိမာန် ကျောင်းတိုက်ပဓာနနာယက ဆရာတော် ‘ဘဒ္ဒန္တစတိလ’ မဟာထေရ်မြတ်၏သိက္ခာထပ် မွေးနေ့မင်္ဂလာ
- ၄း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၀ အမျိုးသားသတင်းဆုပေးပွဲ အခမ်းအနား
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်တေးသံရင်ခုန်သံ” (အပိုင်း-၂၉)**
- ၇း၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၃၀ ဒီမိုမွေးနေ့ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
- ၉း၂၀ The Shop Around The Corner (Part-49)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၀၆)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်မေတ္တာဖြင့်လှစေသူ” (အပိုင်း-၂၁)**
- ၁၂း၄၅ ဆီထွက်သီးနှံများထဲမှ “ဆီအုန်း”
- ၁၂း၅၅ အထောက်အကူပြုစရာ ကလေးတို့အတွက်အင်္ဂလိပ်စာ
- ၁း၁၅ ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁း၄၅ ဇဒင်၏ရေကုထုံး
- ၂း၁၅ မေတ္တာပန်းတို့မွေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး) (ဒါရိုက်တာ-ခတ်ပုံရဲမြင့်လွင်)
- ၂း၃၅ လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
- ၄း၄၅ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့



ရုရှားလုပ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို တွေ့ရစဉ်။

နျူစွမ်းအင်သုံး ရေငုပ်သင်္ဘော အိန္ဒိယရေတပ် ငှားရမ်းအသုံးပြုမည်

နယူးဒေလီ မတ် ၂၁

အိန္ဒိယနိုင်ငံသည် ပင်လယ်ရေအောက် တိုက်ခိုက်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန် ရုရှားလုပ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းကို ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

နာပါအမျိုးအစား ရေငုပ်သင်္ဘောသည် ဝိဆာခါပါနမ် ရေတပ်စခန်းသို့ ဧပြီလ ပထမရက်သတ္တပတ်အတွင်း ဆိုက်ရောက်လာမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်ထော်နီက ပြောကြားသည်။

အိန္ဒိယနှင့် ရုရှားနိုင်ငံတို့၏ သဘောတူညီချက်အရ အဆိုပါရေငုပ်သင်္ဘောကို ဆယ်နှစ်ကြာမျှ ငှားရမ်းပေးမည်ဖြစ်ပြီး ငှားရမ်းခအဖြစ် အမေရိကန်ဒေါ်လာသန်း ၉၂၀ ပေးရမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယရေတပ်က နျူကလီးယားစွမ်းအင်သုံးတိုက်ခိုက်ရေး ရေငုပ်သင်္ဘောတစ်စင်းကို အသုံးပြုခြင်းသည် ဆယ်စုနှစ် နှစ်စုကြာ ကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ပီတီအိုင်သတင်းဌာန၏သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို တီထွင်ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

အင်တာနက်။

ပါလက်စတိုင်းနိုင်ငံတော်အဖြစ် ရပ်တည်နိုင်လောက်အောင် စီးပွားရေးတည်ငြိမ်မှုမရှိသေးဟု အစ္စရေးနိုင်ငံပြောကြား

ဂျေရုဆလင် မတ် ၂၁

ပါလက်စတိုင်းနိုင်ငံအဖြစ် ရပ်တည်နိုင်လောက်အောင် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် စီးပွားရေးအရ တည်ငြိမ်မှုမရှိသေးကြောင်း အစ္စရေးအစိုးရက ပြုစုထားသော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့အား ရန်ပုံငွေထောက်ပံ့ပေးသော အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများထံသို့ ယခုရက်သတ္တပတ်တွင်တင်သွင်းရန် စီစဉ်ထားကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများတွင် အမေရိကန်၊ ဥရောပသမဂ္ဂ (အီးယူ)၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ ပါဝင်သည်။

ပါလက်စတိုင်း ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ပါလက်စတိုင်းနိုင်ငံတော်ထူထောင်ရန် အသင့်ရှိနေကြပြီဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က လွန်ခဲ့သည့်နှစ်တွင် ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၏ အထက်ဖော်ပြပါ အစီရင်ခံစာနှင့်ပတ်သက်၍ ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူ ဂါဆန်ခါတစ်က ပယ်ချသည်။

ပါလက်စတိုင်းလူမျိုးများသည် နိုင်ငံတော်ထူထောင်ရန် အသင့်အနေအထားရှိနေပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

ဘက်သလီဟမ်မြို့၌ နေအိမ်သို့ ပြန်လာကြသော ပါလက်စတိုင်း အမျိုးသမီးနှစ်ဦးကို တွေ့ရစဉ်။

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေမြို့တစ်မြို့အနီး၌ ရစ်ချ်တာစကေး ၇ ဒသမ ၄ အင်အားရှိ ငလျင်ပြင်းလှုပ်

မက္ကဆီကိုစီးတီး မတ် ၂၁

မတ် ၂၀ ရက်က မက္ကဆီကိုနိုင်ငံအရှေ့ဘက် ပစိဖိတ်ကမ်းခြေဒေသ ဂူအာရီယိုပြည်နယ် အိုမီတီပက်စ်မြို့အနီး မြေအောက်အနက် ၁၅ မိုင် (၂၅ ကီလိုမီတာ) ခန့်အကွာကိုဗဟိုပြု၍ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၄ ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု ဘူမိတိုင်းတာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမြေငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နှစ်ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိသည်ဟု မက္ကဆီကို ပြည်ထဲရေးဝန်ကြီး အယ်လ်ဂျန်ဒရိုပိုရေးက ပြောကြားခဲ့ပြီး ငလျင်လှုပ်ခတ်မှုဒဏ်ခံစားခဲ့ရသော ဂူအာရီယိုပြည်နယ်တွင် လူနေအိမ်အလုံး ၈၀၀ ခန့် ပျက်စီးခဲ့ရသည်ဟု ဒေသအာဏာပိုင်များက ပြောကြားသည်။

မက္ကဆီကို ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားချက်အရ ငလျင်ကြီးလှုပ်ခတ်အပြီးတွင် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှု (၁၈)ကြိမ် ဖြစ်ပွားခဲ့ပြီး ယင်းတို့အထဲတွင် ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၃အဆင့်ရှိ ငလျင်လှုပ်ခတ်မှု တစ်ကြိမ်လည်း ပါဝင်သည်ဟု ဆိုသည်။

အင်တာနက်။

တိရစ္ဆာန်ဥယျာဉ်ရှိ လှောင်အိမ်မှ ထွက်ပြေးခဲ့သော ဂေါ်ရီလာမျောက်ဝံတစ်ကောင်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးပေးခဲ့

ဝါရှင်တန် မတ် ၂၁

အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် ဘတ်ဖယ်လိုမြို့ တိရစ္ဆာန်ဥယျာဉ်ရှိ လှောင်အိမ်အတွင်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သော ဂေါ်ရီလာမျောက်ဝံတစ်ကောင်ကို ရဲတပ်ဖွဲ့၏အကြမ်းဖက်မှုတိုက်ဖျက်ရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးပေးခဲ့ရကြောင်း သတင်းဌာနများက မတ် ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုဂါအမည်ရှိ ဂေါ်ရီလာ မျောက်ဝံတစ်ကောင်သည် လှောင်အိမ်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီးနောက်မှ ယင်းသတ္တဝါကို မေ့ဆေးသေနတ်ဖြင့်ပစ်ခတ်ကာ ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၂၄နှစ်ရှိပြီး အလေးချိန် ၁၈၁ ကီလိုရှိ အဆိုပါ ဂေါ်ရီလာမျောက်ဝံသည် သော့ခတ်ထားခြင်းမရှိသော လှောင်အိမ်တံခါးကိုဖွင့်ကာ တိရစ္ဆာန်ရုံအမှုထမ်းများကသာ အသုံးပြုခွင့်ရှိသော ကန့်သတ်နယ်မြေအတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း၊ အဆိုပါ ဂေါ်ရီလာမျောက်ဝံသည် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးကို ရန်မူတိုက်ခိုက်ခဲ့ကြောင်း တိရစ္ဆာန်ရုံဝန်ထမ်းများက ပြောကြားကြသည်။

၄၅မိနစ်ကြာမျှ ထွက်ပြေးလွတ်မြောက်နေခဲ့သော ယင်းဂေါ်ရီလာမျောက်ဝံကို ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များ၏အကူအညီကိုရယူကာ ပြန်လည်ဖမ်းဆီးခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံမှ ဆီလီကွန်ဒြပ်ပစ္စည်းအပေါ် အမေရိကန်က အခွန်ကြီးလေးစွာကောက်ယူ

ဝါရှင်တန် မတ် ၂၁

တရုတ်နိုင်ငံမှ တင်သွင်းသော ဆီလီကွန်ဒြပ်ပစ္စည်းအပေါ် အမေရိကန်နိုင်ငံက ကုန်ပစ္စည်းအောတိုက် တင်သွင်းမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အကောက်ခွန်နှုန်းထားကို ကြီးလေးစွာဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံတကာကုန်သွယ်ရေးကော်မရှင်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို အဆုံးသတ်ရန် အမေရိကန်နိုင်ငံအား တရုတ်နိုင်ငံက ထပ်တလဲလဲ တိုက်တွန်းမှုများပြုလုပ်ခဲ့သည့်တိုင်အောင် အမေရိကန် နိုင်ငံတကာကုန်သွယ်ရေးကော်မရှင်က အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၁ ရက်နောက်ပိုင်း တရုတ်နိုင်ငံမှတင်သွင်းသော ဆီလီကွန်ဒြပ်ပစ္စည်းအပေါ် အကောက်ခွန် ၁၃၉ ဒသမ ၄၉ ရာခိုင်နှုန်းအထိ ကောက်ယူခဲ့သည်။ ဆီလီကွန်ဒြပ်ပစ္စည်းကို အလူမီနီယံသတ္တုရောများ ပြုလုပ်ရာတွင် အသုံးပြုသည်။

အမေရိကန်နိုင်ငံသည် အမျိုးသားစီးပွားရေး ပြန်လည်ရှင်သန်လာစေရေးအတွက် ပြည်ပပို့ကုန်များကို မြှင့်တင်ရန်နှင့် အလုပ်လက်မဲ့နှုန်း လျှော့ချနိုင်ရန် ကြိုးပမ်းနေချိန်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးဆက်ဆံမှုအရ တင်းမာမှုများ ပေါ်ထွက်ခဲ့သည်။

အင်တာနက်။

ဘော့စနီးယားနိုင်ငံ၌ မြေမြှုပ်မိုင်းဗုံးဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများအား သတိပေးသော ပိုစတာတစ်ခုကို တွေ့ရစဉ်။

ဘော့စနီးယား၌ စစ်ပွဲလက်ကျန်မြေမြှုပ်မိုင်းဗုံး ဘေးအန္တရာယ်ရှိနေဆဲ

ဆာရာယေဗို မတ် ၂၁

ဘော့စနီးယားနိုင်ငံ၌ ၁၉၉၅ခုနှစ်တွင် စစ်ပွဲပြီးဆုံးခဲ့ချိန် နောက်ပိုင်း စစ်လက်ကျန်မြေမြှုပ်မိုင်းဗုံး ပေါက်ကွဲမှုများကြောင့် လူ ၅၈၀ ခန့် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘော့စနီးယားနိုင်ငံ၌ မကြာသေးမီရက်ပိုင်းက မြေမြှုပ်မိုင်းဗုံးပေါက်ကွဲမှုကြောင့် အမျိုးသားနှစ်ဦး သေဆုံးခဲ့ရသည်။

ဘော့စနီးယားနိုင်ငံ အရှေ့မြောက်ပိုင်း လူကာဗက်မြို့အနီး၌ ထင်းခုတ်နေသော အသက် ၂၀ ကျော် အမျိုးသားနှစ်ဦး မြေမြှုပ်မိုင်းဗုံး ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်။

မြေမြှုပ်မိုင်းဗုံးဘေးအန္တရာယ်ဇုန်နယ်မြေအဖြစ် သတ်မှတ်ထားသောနေရာ၌ အဆိုပါမြေမြှုပ်မိုင်းဗုံး ပေါက်ကွဲမှုဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘော့စနီးယားစစ်ပွဲသည် ၁၉၉၂ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ဖြစ်ပွားခဲ့သည်။

အင်တာနက်။

လူမှောင်ခိုသူများအဖြစ် မသင်္ကာသူများကို ဗီယက်နမ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

ဟန်နွိုင်း မတ် ၂၁

ဗီယက်နမ်နိုင်ငံ၌ ပြည်ပနိုင်ငံသို့ လူမှောင်ခိုတင်ပို့ရန် လှုပ်ရှားသူများအဖြစ် မသင်္ကာသူ လူခြောက်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ယင်းနိုင်ငံ၌ထုတ်ဝေသော ညံဖံသတင်းစာက မတ် ၂၁ရက်တွင် ရေးသားဖော်ပြသည်။

လူမှောင်ခိုထုတ်မှုဖြင့် အဖမ်းခံရသူများသည် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အမျိုးသမီးငယ် ၂၁ဦးခန့်ကို တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ခဲ့ကြောင်း သတင်းစာတွင်ဖော်ပြသည်။ လူမှောင်ခိုဂိုဏ်း၏ ခေါင်းဆောင်မှာ အသက်(၂၂)နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမကိုယ်တိုင် တစ်ချိန်က လူမှောင်ခိုလုပ်ငန်း၏ သားကောင်တစ်ဦး ဖြစ်ခဲ့ရသည်။

လူမှောင်ခိုထုတ်ခံခဲ့ရသူ ၂၀ ကို တရုတ်နိုင်ငံ၌ ကယ်တင်ပေးခဲ့ပြီး ၎င်းတို့ကို ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ လူမှောင်ခိုထုတ်ခံခဲ့ရသူများကို တရုတ်နိုင်ငံ၌ ပြည့်တန်ဆာများအဖြစ် စေခိုင်းရန် ရည်ရွယ်ခဲ့ကြောင်း သတင်းစာတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၌ ယခုလအစောပိုင်းကလည်း လူမှောင်ခိုဂိုဏ်းတစ်ဂိုဏ်းနှင့် ဆက်နွှယ်မှုရှိသူ လူ ၂၉ဦးကို ဖမ်းဆီးခဲ့သည်။

အင်တာနက်။

လာအိုနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ မြန်မာနိုင်ငံ၌ လှည့်လည်လေ့လာ

နေပြည်တော် မတ် ၂၁

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sommad PHOLSENA နှင့်အဖွဲ့သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး၌ တွေ့ဆုံ၍ မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတား နှစ်နိုင်ငံ ပူးပေါင်းတည်ဆောက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော် အမရာဟိုတယ်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၇ ရက်တွင် လိန်းလီကြိုးတံတား တံတားတည်ဆောက်ထားရှိမှုနှင့် နေပြည်တော်ကျောက်မျက်ရတနာပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော်နှင့် ဗူးဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် မတ် ၁၈ ရက်တွင် ပုဂံမြို့ရှိ အာနန္ဒာဘုရား၊ ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူတကဲဘုရားတို့အား သွားရောက်ကြည်ညို ဖူးမြော်ကြပြီး ရွှေချောင်းတံတား အမှတ်(၁) တည်ဆောက်ခြင်းလုပ်ငန်းနှင့်ဧရာဝတီတံတား (ပခုက္ကူ)တံတား တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၊ ဂူပြောက်ကြီးဘုရား၊ မနူဟာဘုရားနှင့် ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းတို့သို့ လှည့်လည်ကြည့်ရှုကြည်ညိုလေ့လာကြသည်။

ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် မတ် ၁၉ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီလမ်းကွန်ရက် ၁၀ လမ်း၏ လမ်း/တံတားလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံသည်။

ထို့နောက် ရန်ကုန်-ပုသိမ်လမ်းနှင့် ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ညောင်တုန်း)၊ လှိုင်သာယာ-တွံတေးလမ်း၊ တွံတေး-ကော့မှူးလမ်းနှင့် ကော့မှူး-မကျီးကန်-ငှက်အော်စမ်း-မဆယ်ဆိပ်-ကျိုက်ထော် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တွံတေးတံတား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် ဆိပ်ကြီးခနောင်တို ကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတောင်မြို့နယ်ထွက် တံမြက်စည်းပင်များ ရန်ကုန်မှ အဝယ်လိုက်

ရေတာရှည် မတ် ၂၁

မြို့ပြနှင့်ကျေးလက်ဒေသများတွင် မိရိုးဖလာတံမြက်စည်းကို ယခုထက်ထိ ကိုင်ဆောင်သူအများအပြားရှိပြီး ကရင်ပြည်နယ် သံတောင်မြို့နယ် သစ်တောကြိုးဝိုင်းမှ ခုတ်ယူရရှိသည်။ ကုန်ကြမ်းတံမြက်စည်းပင်များကို ရန်ကုန်မှ တိုက်ရိုက်လာရောက်ဝယ်ယူလျက်ရှိသည်ကို တွေ့ရသည်။**(ဓာတ်ပုံ)**

ယခုအချိန်သည် ကျေးလက်နေတောင်သူများ စပါး၊ ကြံ၊ ပဲ စသည့် သီးနှံများ ရိတ်သိမ်းပြီးစီး၍ အလုပ်အားလပ်ချိန်တွင် ရေတာရှည်မြို့နယ်မှ စစ်တောင်းမြစ်တစ်ဖက်ကမ်းကိုကူးကာ သံတောင်မြို့နယ် သစ်တောကြိုးဝိုင်းများအတွင်း အလေ့ကျပေါက်သည့် တံမြက်စည်းပင်များကို ခုတ်ယူစုဆောင်းကာ ခေါင်းရွက်ဖြင့်တဖုံ၊ လှည်းနှင့်သယ်၍ တသွယ် ၊ ညအိပ်ညနေအဆင့်ဆင့် ထမင်းထုပ်ဖြင့် သွားကြရသည်။

တောင်ပေါ်မှ ခုတ်ယူရရှိသည့် တံမြက်စည်းအပင်စိုကို တစ်ပိဿာ ၂၀၀ ကျပ်ဖြင့်လည်းကောင်း၊ နေသွေ့သောအခြောက်ဆိုလျှင် တစ်ပိဿာ ၄၀၀ ကျပ်ဖြင့်လည်းကောင်း ရောင်းချရသည်။ အဆိုပါတံမြက်စည်းကုန်ကြမ်းများကို ရန်ကုန်မြို့မှ ၁၀ ဘီး ကုန်တင်ကားများဖြင့် လာရောက်ဝယ်ယူပြီး တစ်ခေါက်လျှင် ကုန်ချိန်ပိဿာ ၇၀၀၀ အထိရရှိ၍ ရန်ကုန်၌ တစ်ပိဿာ ၅၀၀ ကျပ်ရရှိကြောင်း သိရသည်။ မိန်းကလေးအများစုသည် ရှေ့လဆန်း ၆ ရက်တွင် ကျင်းပမည့် ရေတာရှည်မြို့ သမိုင်းဝင်ဘုရားပွဲတော်ကြီး၌ လိုချင်တာများကို ဝယ်ယူနိုင်ရန် အပိုဝင်ငွေရရှိအောင် ကြိုးစားရှာဖွေရခြင်းဖြစ်ကြောင်း ၎င်းတို့က ရယ်မောကာ ပြောပြကြသည်။

ကိုလွင်(ဆွာ)

ကြက်ငှက်တုပ်ကွေးရောဂါ ဘယ်လိုထိန်းချုပ်ကြမလဲ

မောင်အောင် (မွေး/ကု)

'အေး မောင်အောင် လာကွာ၊ ငါ့တူကြီးပျောက်ချက်သား ကောင်းနေကတည်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေသလားလို့ ထင်နေတာ။ အခုချောင်းဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တယ်ဆို ဟုတ်သလား။ ကြက်တွေရော အတော်သေကြသလား'

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီး၏ မေးခွန်းများက ဆက်တိုက်မေးလာသည်။ ဦးကြီးက ရေဒီယိုနားထောင်၊ ရုပ်မြင်သံကြားကြည့်သဖြင့် ဗဟုသုတရှိသည်။ သတင်းစုံသည်။ လက်ရှိထုတ်ဝေလျက်ရှိသည့် စာစောင်တချို့ကိုလည်း ဖတ်သူဖြစ်သဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းတွေကို သိနေသည်။

'ဦးကြီးကလည်း ကျွန်တော်မလာတိုင်း ကြက်ငှက်တုပ်ကွေးဖြစ်တယ်မထင်ပါနဲ့။ အခုပျောက်ချက်သားကောင်းနေတာက ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နွားနောက်မွေးမြူရေးတွေသွားပြီး ကြည့်နေလို့ပါ။ ချောင်းဦးမှာ ကြက်ငှက်တုပ်ကွေးဖြစ်တာ ဟုတ်ပါတယ်။ ကြက်သေတာလည်း နည်းနည်းပါးပါးတော့ရှိပါတယ်။ အခု ကျွန်တော်တို့ ကောင်းကောင်းထိန်းချုပ်နိုင်ပါပြီ။'

'အေး ပြောစမ်းပါဦးကွ။ ဘယ်လိုက ဘယ်လိုစပြီးဖြစ်တာလဲ၊ ဘယ်လိုကူးစက်သွားတာလဲ။ မင်းတို့ဌာနက ဘာတွေဘယ်လောက်လုပ်လို့ အခုလိုချက်ချင်း ထိန်းချုပ်နိုင်ရတာလဲ'

ဦးကြီး၏ မေးခွန်းများက မေးထိုက်သည့်မေးခွန်းများပင်။ သည်မေးခွန်းများကို ကျွန်တော်ကလည်း ဖြေချင်လှပါသည်။

'စပြီးဖြစ်တာကတော့ ဆောင်းခိုငှက်လို့ပဲပြောရမယ် ဦးကြီးရေ။ အဲဒီချောင်းဦးမြို့နယ်ထဲမှာ ပေါက်အင်းဆိုတဲ့ အင်းတစ်ခုရှိတယ်။ ဧက ၂၁၀၀ လောက်ကျယ်တယ်။ အဲဒီအင်းနှင့် မန်ကျီးဂွရွာက တစ်မိုင်ခွဲလောက်ဝေးတယ်။ အရင်နှစ်တွေတုန်းကတော့ ဆောင်းတွင်းရောက်ရင် ဆောင်းခိုငှက်တွေ၊ ငှက်ရိုင်းတွေ ထောင်ချီပြီးလာတယ်။ ဒီနှစ်တော့ အရင်နှစ်နဲ့စာရင် ငှက်ရိုင်းလာတာတော့ လျော့သွားတယ်။ အဲ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကစပြီး အိမ်မွေးတိုင်းရင်းကြက်တွေ ကြိုးကြား ကြိုးကြား သေတယ်။ အဲဒီသေတဲ့ တိုင်းရင်းကြက်ကို ရွာကနေ ချောင်းဦးမြို့ကို သွားပြီးရောင်းတယ်။ အဲဒီရောင်းတဲ့ ကြက်သေသားကို ဝယ်ပြီးစားတဲ့ခြံက အခုလိုရောဂါဖြစ်တာပဲ။ ကျွန်တော်တို့ ရောဂါပျံ့နှံ့မှု လေ့လာရေးအမြင်အရတော့ ငှက်ရိုင်းတွေကတစ်ဆင့် လွှတ်ကျောင်းမွေးမြူတဲ့ တိုင်းရင်းကြက်တွေကို ရောဂါကူးစက်၊ အဲဒီကူးစက်ခံရတဲ့ ကြက်ကနေတစ်ဆင့် မွေးမြူရေးကြက်ကို ကူးတာပဲ ဦးကြီးရဲ့'

'မင်းဟာက ဒီအတိုင်းဆိုရင် အိမ်မှာကြက်မွေးတဲ့လူက အပြင်က ကြက်ဝယ်ပြီးမစားသင့်ဘူးဆိုတဲ့ သဘောလား'

'ဝယ်မစားသင့်တဲ့သဘောမကဘူး ဦးကြီးရေ။ လုံးဝကို မစားသင့်တာ။ အိမ်မှာကြက်မွေးရင် ကြက်သားမစားသင့်ဘူး။ ဝက်မွေးရင် ဝက်သားမစားသင့်ဘူး။'

'ဟာ. . . ဒါတော့ မဟုတ်သေးပါဘူးကွာ။ စားချင်လို့မွေးထားတာပါဆို။ မစားရ တော့ဘာဖြစ်လို့မွေးတော့မှာလဲ။ ဘာကြောင့်လဲ ပြောစမ်းပါဦး' ဦးကြီး၏ စိတ်မရှည် သံက ဒေါသသံပင် ပါချင်လာသည်။

'ဒီလိုပါ ဦးကြီးရဲ့၊ အိမ်မှာကြက်မွေးထားပြီး အပြင်ကကြက်ဝယ်စားတော့ အခုနပြောသလို ရောဂါဖြစ်နေတဲ့ ကြက်ဝယ်စားမြန်ရင် ကိုယ့်ကြက်တွေရောဂါကူးမယ်။ ပိုပြီးဆိုးတာက ကြက်ကိုအမွေးနှုတ်၊ ခုတ်ထစ်ပြီးရင် မလိုတဲ့အပိုင်းအစတွေ၊ အူတွေ ဟိုပစ်ဒီပစ် ပစ်မယ်။ အဲဒီကနေ ရောဂါကူးစက်ပြန့်ပွားတာ၊ နောက်ပြီး ကြက်ကိုင်တဲ့လက်မှာ ကွဲရာ၊ ရှရာ၊ အနာရှိနေရင် အဲဒီကနေရောဂါပိုးဝင်မယ်။ အဲဒါကြောင့် ကိုယ့်အိမ်မှာ ကြက်မွေးထားရင်၊ ကြက်ဝယ်ပြီးမစားနဲ့၊ မဖြစ်လို့စားချင်ရင်လည်း ကိုယ့်အိမ်က ကြက်ကိုပဲချက်ပြီးစား။ ပြီးတော့ ကြက်ခုတ်တဲ့၊ ထစ်တဲ့ အချိန်မှာလည်း လက်မှာဒဏ်ရာမရှိတာ အကောင်းဆုံး၊ ပြီးတော့လက်ကိုစင်အောင်ဆေး၊ ဒါ့အပြင် ခုတ်ထစ်ပြီး ထွက်လာတဲ့အမွေးတွေ၊ အညစ်အကြေးတွေကိုလည်း စနစ်တကျစွန့်ပစ်၊ ကျင်းတူးပြီးမြှုပ်၊ အဲဒါမှ ရောဂါမဖြစ်မှာ၊ ရောဂါကင်းမှာ။'

ကျွန်တော် ဦးကြီးသဘောပေါက်အောင် အရှည်ကြီးရှင်းပြလိုက်ရသဖြင့် ရေနွေးကြမ်းခွက်ကို မော့သောက်လိုက်မိသည်။

'အေး ဟုတ်ပါပြီ။ အဲ ဒါပေမယ့် မင်း ငါမေးထားတဲ့ ရောဂါကူးစက်မြန်တာ ဘာကြောင့်နဲ့၊ ဘာကြောင့် မြန်မြန်ထိန်းချုပ်နိုင်တာ မပြောရသေးဘူးနော်။'

'ပြောရမှာပေါ့ ဦးကြီးရယ်။ ရောဂါကူးစက်မြန်တာကတော့ စောစောက ကျွန်တော်ပြောသလို တိုင်းရင်းကြက်တွေ နည်းနည်းပါးပါးသေတယ်။ အဲဒီသေတဲ့ ကြက်ကို ထုတ်ပြီးရောင်းတယ်။ အဲဒီကနေ ရောဂါပျံ့တာ။ ကူးစက်တာ။ နောက်တစ်ခုက မွေးမြူရေးခြံတွေက အဲဒီသေတဲ့ ကြက်သားကိုဝယ်စားတယ်။ အဲဒီကနေကူးတယ်။ ပြီးတော့ ကြက်ချက်စားတဲ့လူတွေက ကြက်ကို ခုတ်၊ ထစ်ပြီး အပိုင်းအစတွေ ပစ်စလက်ခတ်ပစ်တယ်။ အဲဒီကနေ ရောဂါပျံ့တယ်။ ကျွန်တော်တို့ရောဂါပျံ့နှံ့မှုလေ့လာရေးအဖွဲ့က စုံထောက်လိုပဲ။ အဲဒီလို ရောဂါပျံ့နှံ့နိုင်တဲ့အကြောင်းအချက်တွေကို တစ်ခုချင်း လေ့လာပြီး သုံးသပ်ရတာ။ ချောင်းဦးမြို့နယ် ခင်မွန်ရွာမှာဆိုရင် အိမ်မှာမွေးထားတဲ့ခွေးကိုက်ပြီးချီလာတဲ့ကြက်ကို ချက်စားရာကစပြီး အိမ်ကကြက်တွေ သေကုန်တယ်လို့ ပြောတယ်။ အဲဒါတွေ ကျွန်တော်တို့ မွေးမြူရေးသမားတွေ လိုက်နာရမှာ။'

'ဘာကြောင့် ဒီလောက်မြန်မြန်ထိန်းချုပ်နိုင်သလဲလို့ စောစောကဦးကြီးမေးထားတယ်နော်။ အဲဒါနဲ့ ပတ်သက်ပြီးလည်း ကြက်တွေစပြီးသေတယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို သတင်းပို့ကတည်းက ကျွန်တော်တို့အဖွဲ့တွေ ချက်ချင်းကွင်းဆင်းကြည့်တယ်။ အမြန်စမ်းသပ်တဲ့ကိရိယာနဲ့ စမ်းတယ်။ တစ်ဖက်ကလည်း တိုင်းဒေသကြီးအစိုးရဆီ သတင်းပို့တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ကိုယ်တိုင်ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကို ကြီးကြပ်တယ်။ ကြပ်မတ်တယ်။ ခရိုင်နဲ့တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးတွေ ကိုယ်တိုင်လည်း ချောင်းဦးမှာ ညအိပ်ပြီး အပင်ပန်းခံဆောင်ရွက်တယ်။ ရုံးချုပ်ကလည်း ပိုးသတ်ဆေးတွေ၊ အကာအကွယ်ဝတ်စုံတွေနဲ့အတူ ရောဂါရှာဖွေရေးအဖွဲ့တွေ ပို့လာတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် ဒီကိစ္စကိုဆင်းပြီး ကြပ်မတ်ဆောင်ရွက်တယ်။ ညှိနှိုင်းပေးတယ်။'

'တစ်ဖက်က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ကျန်းမာရေးဦးစီးဌာန၊ စီမံကိန်း၊ စည်ပင်သာယာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းတွေအားလုံး ပူးပေါင်းဆောင်ရွက်ကြတယ်။ ဒီအဖွဲ့တွေအားလုံး စုပေါင်းပြီး ကြက်ခြံတွေမှာ ပိုးသတ်ဆေးဖျန်းတယ်။ ဇီဝလုံခြုံမှု မြှင့်တင်တယ်။ ကြက်၊ ကြက်ဥ၊ ကြက်သားသယ်ဆောင်မှုတွေကို ကန့်သတ်တယ်။ မြို့ရွာတွေမှာ ဝင်ထွက်တဲ့ ကား၊ ဆိုင်ကယ်နဲ့ ထော်လာဂျီတွေကို ပိုးသတ်ဆေးဖျန်းတယ်။ စဖြစ်တဲ့ရက်ကနေ တစ်ပတ်အတွင်း မော်တော်ယာဉ် အစီး ၁၇၄၀ ၊ မော်တော်ဆိုင်ကယ် ၃၆၄၈ စီးနှင့် ထော်လာဂျီ ၁၈၈ စီးကို ခြံသုံးပိုးသတ်ဆေးဖျန်းတယ်။ ဇီဝလုံခြုံမှုဆိုင်ရာ လက်ကမ်းစာစောင်တွေဖြန့်တယ်။ ပြည်သူလူထု ပညာပေးဟောပြောပွဲတွေလုပ်တယ်။ အဲဒါမှာတင် **ချောင်းမလားလို့ ဝင်လာတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ တစ်ခါတည်းကို ထွက်ပြေးတော့တာပဲ။** အဲဒီနောက်ပိုင်း ချောင်းဦးနယ်မြေမှာ ထပ်ပြီး ဖြစ်တာမရှိတော့ဘူး။ အဲဒါကြောင့် ထိန်းချုပ်နိုင်ပြီလို့ ကျွန်တော်ပြောတာ။'

'ငါ့တူကတော့ အပြောကောင်းကွာ။ အဲဒါနဲ့ အခုလို ဒို့နိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တာ မင်းတို့အိမ်နီးချင်းနိုင်ငံတွေရော အသိပေးသလား။'

'ပေးရတာပေါ့ ဘကြီးရယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ထိမ်ချန်ထားတာ၊ လျှို့ဝှက်ထားတာ ဘာမှမရှိဘူး။ ရောဂါပိုးတွေ့ရှိ အတည်ပြုပြီးတဲ့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကတည်းက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)နဲ့ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို သတင်းပို့ပြီး အိမ်နီးချင်းနိုင်ငံတွေကို အကြောင်းကြားခဲ့တာ။'

'အေး ဖြစ်ပြီးတာတော့ ထားလိုက်ပေါ့ကွာ။ ကြက်ငှက်တုပ်ကွေးရောဂါ နောက်ထပ်ပြီး မဖြစ်ရအောင်ရယ်၊ ဖြစ်လာရင် ဘယ်လိုထိန်းချုပ်ကြမလဲဆိုတာကတော့ အရေးကြီးတယ်။ အားလုံးသိအောင် လုပ်ထားဖို့လည်းလိုတယ်။ အခု ချောင်းဦးမှာ ကြက်ငှက်တုပ်ကွေးကြောင့် သေတာ၊ ဖျက်ဆီးတာ ဘယ်လောက်လောက်ရှိသလဲ။'

'သေတာနဲ့ဖျက်ဆီးတာ မွေးမြူရေးကြက်က ၁၀၆၀ လောက်ရှိတယ်။ တိုင်းရင်းကြက်က ၂၈၅ ကောင်နဲ့ ဘဲခြောက်ကောင်ရှိတယ်။ ရောဂါထပ်မဖြစ်အောင်ကတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ကြက်သေသားဝယ်မစားဖို့၊ ကြက်သေတွေ့ရင် လွှတ်ပစ်တာမျိုးမလုပ်ဘဲ ကျွန်တော်တို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ပို့ပြီး ရောဂါရှာဖို့၊ မပို့ချင်ရင် မြေမြှုပ်ပစ်ဖို့၊ ဒါ့အပြင် အဓိကအရေးအကြီးဆုံးက ဇီဝလုံခြုံမှုဂရုစိုက်ဖို့၊ နောက်တစ်ခါ အရွယ်မတူတဲ့ကြက်တွေရောပြီး မမွေးဖို့၊ အခုဖြစ်သွားတဲ့ကြက်ခြံက အရွယ်သုံးမျိုးလောက်ရောပြီး မွေးတယ်။ အားလုံးတစ်ပြိုင်နက်တည်းမွေး၊ တစ်ခါတည်းထုတ်ရောင်းတာမျိုးမလုပ်တော့ အဲဒီကနေ ရောဂါစပြီးဖြစ်တတ်တာ။ နောက်တစ်ခါ ကြက်ခြံကို ငှက်ရိုင်းတွေ၊ စာကလေးတွေ၊ ကျီးကန်းတွေ မလာဖို့၊ လူစိမ်းအဝင်အထွက်မလုပ်ဖို့၊ အစာအိတ်တွေ အစာဆိုင်ကိုပြန်ပို့ပြီး အိတ်ဟောင်းပြန်ပြီးသုံးတာမျိုးမလုပ်ဖို့၊ ပိုးသတ်ဆေးပုံမှန်ဖျန်းဖို့၊ ဇီဝလုံခြုံမှုမြှင့်တင်ဖို့ ဒါတွေက ကျွန်တော်တို့မွေးမြူရေးသမားတွေ အားလုံးသိပြီးသားပါ။ မဖြစ်တာကြာတော့ ပေါ့သွားကြတယ်။ အဲဒါကြောင့် ဖြစ်တာလို့ပဲ ကျွန်တော်တော့ထင်တယ်။'

နောက်တစ်ခုက ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ရင် ကျွန်တော်တို့ မွေးမြူရေးသမားတွေ လုံခြုံရေးကင်း၊ မီးကင်းစောင့်သလိုမျိုး အမြဲသတိရှိနေဖို့ လိုတယ်။ အမြဲတမ်းရောဂါကို စူးစမ်းနေမယ်၊ မသင်္ကာရင် ချက်ချင်းသတင်းပို့မယ်။ ကျွန်တော်တို့ဌာနဘက်ကလည်း ချက်ချင်းအရေးယူဆောင်ရွက်မယ်။ သက်ဆိုင်ရာ ဒေသအာဏာပိုင်၊ ဌာနအဖွဲ့အစည်းနဲ့ မွေးမြူရေးသမားတွေစုပေါင်းပြီး ချက်ချင်း ဆောင်ရွက်ကြမယ်ဆိုရင် အခုလို ချက်ချင်းထိန်းချုပ်နိုင်မှာပါ။ တောမီးလိုပေါ့ဦးကြီးရယ်။ စပြီးလောင်ခါစမှာ နည်းနည်းလေးဆိုပြီး ပေါ့နေရင် လေတစ်ချက်ပင့်လိုက်ရင် အားလုံးပြာကျသွားမှာပဲ။ စောစောငြိမ်းနိုင်ရင် မီးညွှန့်စောစောကျိုးမှာပဲ။ အဲဒါကြောင့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရာမှာ အမြဲမပြတ်စောင့်ကြပ်လေ့လာ မြန်မြန်စူးစမ်း၊ ရောဂါအမြန်အတည်ပြု၊ မြန်မြန်အရေးယူ၊ မြန်မြန်ထိန်းချုပ်နိုင်အောင်လုပ်။ အဲဒါဆိုရင် ရောဂါအမြန်ထိန်းချုပ်နိုင်မှာပဲ။

ရောဂါဖြစ်နေတဲ့အချိန်မှာလည်း ကြက်နာ"ကင်း"ဖွဲ့ထားဖို့လိုတယ်။ တချို့ရောဂါဖြစ်တဲ့ခြံတွေက ပိုက်ဆံလေးနည်းနည်းပါးပါးပြန်ရအောင်ဆိုပြီး ကြက်တွေကုပ်နေရင်၊ မှိုင်နေရင် ဌာနကိုသတင်းမပို့ဘဲ အမြန်ထုတ်ရောင်းချင်ကြတယ်။ အဲဒီလိုလုပ်လို့ကတော့ ရောဂါကိုဖြန့်ပေးလိုက်သလိုဖြစ်တာပေါ့။ အဲဒါကြောင့် ကျွန်တော်တို့ ဌာနနဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေနဲ့ မွေးမြူရေးသမားတွေပါတဲ့ အဲဒီကြက်နာ "ကင်း" အဖွဲ့က ရောဂါဖြစ်တဲ့ခြံကို ထိန်းဖို့လိုတယ်။ စောင့်ကြပ်ကြည့်ရှုဖို့လိုတယ်။ လုံးဝထုတ်မရောင်းဘူး၊ သယ်မသွားဘူးဆိုရင် ရောဂါမပျံ့တော့ဘူး။ ရောဂါမပျံ့တော့ရင် ထိန်းချုပ်လို့ လွယ်တာပေါ့။

"မင်းတို့အိမ်မဲမှာ ဝက်နားရွက်ပြာဖြစ်တုန်းက ဝက်နာ"ကင်း"နဲ့ပဲ ရောဂါမပျံ့အောင် ထိန်းချုပ်ခဲ့တာမဟုတ်လား"

"ဦးကြီးကတော့ တော်မှတော်ဗျာ၊ မှတ်ဉာဏ်အလွန်ကောင်း၊ ကျွန်တော့် ဦးကြီးရယ်လို့ မပြောရဘူး"

ကျွန်တော့်စကားကြောင့် ဦးကြီးအပါအဝင် ကျွန်တော်တို့စကားဝိုင်းကို နားထောင်နေကြသူများ 'အုံး'ခနဲ ရယ်ပွဲဖွဲ့မိကြပါသည်။

မည်သို့ဆိုစေ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားရေးနဲ့ ဖြစ်ပွားလာပါကလည်း မပြန့်ပွားရေး ကျွန်တော်တို့တစ်တွေ စုပေါင်းထိန်းချုပ်ကြရပါဦးမည်။

ခြင်ဆေးမီးပွား သေးငယ်ပြား ဒုက္ခများစွာ ပေးလိမ့်မည်၊ ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက်မမေ့နှင့်

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မျက်စိဝေဒနာရှင်များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် မတ် ၂၁

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် မတ် ၁၉ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီး၌ ပြည်နယ်အစိုးရအဖွဲ့နှင့် သီတဂူဆရာတော်တို့ ပူးပေါင်း၍ အခမဲ့ကုသပေးလျက်ရှိသည့် ကချင်ပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် ၆၀ နှင့် မျက်စိဝေဒနာရှင် ၁၉ ဦးတို့အား ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း ဇီဝဗေဒဘာသာရပ်ဖြေဆိုနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း စာစစ်ဌာနနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများ၌ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား တားဆီး ကာကွယ် မီးရန်စွယ်

ဝက်သက်ကင်းစင် မြန်ပြည်တစ်ခွင် အားသွန်ခွန်စိုက် ကြိုးပမ်းလိုက်စို့

သတင်းလုလင်

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်း တစ်ဦး၊ သားထူးသားမြတ်၊ ဖြစ်အပ်ရာ၏" ဆိုတဲ့ ဂန္ထဝင်မြောက် ကဗျာတစ်ပိုင်းတစ်စဟာ မျိုးဆက်သစ်လူငယ်တွေရဲ့ အနာဂတ် အခန်းကဏ္ဍအရေးကြီးပုံကို မီးမောင်းထိုးပြနေပါတယ်။

အနာဂတ်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ယနေ့ကာလ ကလေးသူငယ်တွေဟာ သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် မှတ်ကျောက်တင်မခံရမီမှာ မိဘတွေရဲ့ ပြုစုပျိုးထောင်မှုကို ဦးစွာခံယူကြရပါတယ်။

ယနေ့ကာလ ရင်သွေးကလေးငယ်တွေ ကျန်းမာရေးကောင်းမွန်ခြင်းဟာ အနာဂတ်ကာလ လူတော်၊ လူကောင်းတွေဖြစ်လာဖို့ အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ပါ။

ပျော်ရွှင်ပြီး တိုးတက်အောင်မြင်တဲ့ မိသားစုဘဝကို တည်ဆောက်နိုင်အောင် ရင်သွေးကလေးများ အစဉ်ထာဝရ ကျန်းမာနေကြဖို့ လိုပါတယ်။

ရင်သွေးကလေးများနဲ့ သက်ဆိုင်နေတဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ကတော့ "ဝက်သက်ရောဂါ"ပါ။

ဝက်သက်ရောဂါဟာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေဆဲဖြစ်ပါတယ်။

ဝက်သက်ရောဂါဟာ ပြင်းထန်တဲ့ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး အလွန်ကူးစက်လွယ်ပါတယ်။ ဝက်သက်ရောဂါဟာ ကလေးများသေဆုံးမှုရဲ့ အဓိကအကြောင်းအရင်းတစ်ခုအဖြစ် ပါဝင်နေပါတယ်။

ဝက်သက်ကာကွယ်ဆေးမထိုးထားတဲ့ ကလေးတွေဟာ ဝက်သက်ရောဂါနဲ့ နောက်ဆက်တွဲရောဂါတွေ ဖြစ်နိုင်ပါတယ်။ ရောဂါပြင်းလျှင် သေဆုံးနိုင်ပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့ ကလေးတွေနဲ့ ယခင်ကဝက်သက်မပေါက်ဖူးသေးတဲ့ ကလေးတွေဟာ ရောဂါဖြစ်ပွားနိုင်ပါတယ်။

ဝက်သက်ရောဂါဟာ ချောင်းဆိုးခြင်း၊ နှာချေခြင်းမှတစ်ဆင့် အခြားသူတွေဆီကို ကူးစက်နိုင်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ယခုနှစ် မတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ပြည်သူ့ကျန်းမာရေးလှုပ်ရှားမှု အစီအစဉ်တစ်ရပ်အရ အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ မှာ နေထိုင်ကြတဲ့ အသက်(၉)လမှ (၅)နှစ်အတွင်း ကလေးငယ်များအားလုံးကို (တစ်နည်း)ကလေးသူငယ် ၆ ဒသမ ၄ သန်းအထိကို ဝက်သက်ကာကွယ်ဆေးထိုးပေးမှာ ဖြစ်ပါတယ်။

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ဖို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာနက နေပြည်တော်မှာ မြို့နယ်ဆရာဝန်တွေ၊ သားဖွားဆရာမတွေနဲ့ တာဝန်ရှိသူတွေ၊အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေကို သင်တန်းပေးခဲ့ပြီး ဖြစ်ပါတယ်။

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကာကွယ်ဆေးတွေကို အချိန်မီဖြန့်ဖြူးပေးနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။

ယခင်က ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်များ ဝက်သက်ကာကွယ်ဆေးထိုးခဲ့ပေမယ့် ယခုတစ်ကြိမ် အပိုဆောင်းထပ်မံထိုးပေးခြင်းဖြင့် ကလေးများရဲ့ ဝက်သက်ရောဂါခုခံစွမ်းအား တိုးတက်လာမှာ ဖြစ်ပါတယ်။

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးနှင့် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်အောင် ဗဟိုဦးစီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)၊ အခြားကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတွေ၊ ပြည်တွင်းနဲ့ နိုင်ငံတကာရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်တကွ လူမှုရေးအဖွဲ့အစည်းတွေကပါ ဝိုင်းဝန်းကူညီလျက်ရှိကြပါတယ်။

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်(၉)လမှ (၅)နှစ်အတွင်း ကလေးငယ်များကို မတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ ပြည်သူ့ကျန်းမာရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်တော့မှာကို ကြေးမုံသတင်းအဖွဲ့က သတင်းကောင်းပါးအပ်လိုက်ပါတယ်။

ရင်သွေးကလေးငယ်များအားလုံးရဲ့ အနာဂတ်ဘဝ သာယာလှပရေးဆိုတဲ့ မျှော်မှန်းချက် ပေါက်မြောက်အောင်မြင်လာအောင် မိဘပြည်သူအားလုံးကို လေးစားစွာ ပန်ကြားရင်းနဲ့-

"ဝက်သက်ကင်းစင် မြန်ပြည်တစ်ခွင်
အားသွန်ခွန်စိုက် ကြိုးပမ်းလိုက်စို့"
ဟူ၍ နှိုးဆော်ပါရစေခင်ဗျား။ ။

၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်း အပြီး သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ဒေသများတွင် အရေးပေါ် ဝက်သက်ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခဲ့သည်။
(ဓာတ်ပုံ - ယူနီဆက် / မြန်မာ)

ထားဝယ်ကွန်ပျူတာတက္ကသိုလ် စုပေါင်းသွေးလှူဒါန်း

ထားဝယ် မတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ကွန်ပျူတာတက္ကသိုလ်မှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီတွင် ထားဝယ်ကွန်ပျူတာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ထားဝယ်ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာခင်အေးသန်းနှင့်ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

သွေးလှူဒါန်းပွဲတွင် ထားဝယ်ကွန်ပျူတာတက္ကသိုလ်မှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး တက်ရောက်၍ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(စိုးညွန့်၊ ထားဝယ်)

ရွှေဥမင် သဘာဝလိုဏ်ဂူဘုရား တပေါင်းပွဲတော် အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် မတ် ၂၁

ရှမ်းပြည်နယ် ပင်းတယမြို့နယ် ရွှေဥမင် သဘာဝလိုဏ်ဂူဘုရား တပေါင်းပွဲတော်အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲနှင့် ရိုးရာခြင်းအလှပဒေသာခတ်ပွဲများကို မတ် ၃ ရက်မှ ၈ ရက်အထိ ဘုရားတောင်ခြေ၌ ကျင်းပခဲ့ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကိုကို၊ အတွင်းရေးမှူး ဦးစိုးနိုင်၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန့်စင်ခန်း အခမဲ့သုံးစွဲခွင့်ပြု၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)က စီစဉ်ဝန်ဆောင်ပေးနေ

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့တွင် အပန်းဖြေလေ့လာစရာနေရာတစ်ခုဖြစ်သော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ အခမဲ့သန့်စင်ခန်းသုံးစွဲခွင့်များကို ခွင့်ပြုပေးနေလျက်ရှိကြောင်းသိရသည်။

ယင်းကဲ့သို့ အခမဲ့သုံးစွဲခွင့်ပြုထားသည့်အကြောင်းကို အများပြည်သူတို့ သိရှိစေရန် ယင်းသန့်စင်ခန်းအရှေ့ရှိ အများမြင်သာသည့်နေရာ၌ ရေးသားထား လျက်ရှိသည်။ "ရန်ကုန်မှာ ဒီလိုမျိုး အခမဲ့သုံးစွဲခွင့်ပေးတဲ့ ဥယျာဉ်ကစားကွင်းမျိုး ဒီတစ်နေရာပဲ တွေ့ဖူးပါတယ်။ သန့်စင်ခန်းထဲမှာလည်း သန့်ရှင်းမှုလည်းရှိတယ်၊ ရေသုံးစွဲရတာ လည်းအဆင်ပြေတယ်"ဟု အပန်းဖြေလာရောက်သူတစ်ဦးက ကြေးမုံသတင်းစာသို့ ပြောပြခဲ့သည်။

နိုင်ငံတကာမှ ကစားကွင်းနှင့် အပန်းဖြေဥယျာဉ်များတွင် ဝင်ကြေးပေးပြီးနောက်ဝန်ဆောင်မှုအပေါ် အခြားသော မည်သည့် ငွေကြေးကောက်ခံမှုမျိုးမှ မရှိကြောင်းသိရသည်။ ယင်းကဲ့သို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ဝန်ဆောင်ပေးမှုကြောင့် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလေ့လာကာ လာရောက်သူများအနေဖြင့် စိတ်ချမ်းမြေ့မှု ရနေကြောင်း စုံစမ်းသိရှိရသည်။ ထိုတိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက နှစ်ရှည်စာချုပ်ဖြင့် လုပ်ကိုင်ခွင့် ရရှိထားခြင်းလည်းဖြစ်ကြောင်း ဆက်လက်သိရှိရသည်။ (၆၈၀)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

သရုပ်ဆောင်အလုပ်ကိုသာ အားစိုက်လုပ်ဆောင်တော့မည့် အိန္ဒိယမင်းသား အက်ရှေးကူးမား

အောဝမ်းစိုး

ဘောလီဝုဒ် နာမည်ကျော်မင်းသား အက်ရှေးကူးမားက ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းကို စွန့်လွှတ်၍ သရုပ်ဆောင်အလုပ်ကိုသာ အားစိုက်လုပ်ဆောင်တော့မည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အက်ရှေးကူးမား၏ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းက နိုင်ငံတကာအဆင့်အတန်းမီ ရုပ်ရှင်ကားများဖြစ်သည့် Breakaway ကဲ့သို့ ဇာတ်ကားများ ဖြန့်ချိနိုင်ခဲ့သော်လည်း ၎င်းက အိန္ဒိယတိုင်းမ်သတင်းစာသို့ ပြောကြားရာတွင် "သရုပ်ဆောင်အလုပ်က ထုတ်လုပ်ရေးလုပ်ငန်းထက် လွယ်ပါတယ်။ သရုပ်ဆောင်အလုပ်က ကိုယ့်ကိုယ်ကိုယ်ပဲ အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ရုံပါပဲ။ ထုတ်လုပ်ရေးလုပ်ငန်းကျတော့ လူ ၃၀၀ လောက်ကို ထိန်းကျောင်းပဲ့ကိုင်ရတာ မလွယ်ပါဘူး။ ဒါ့အပြင် အခြားသရုပ်ဆောင်တွေကိုလည်း ထိန်းသိမ်းကြည့်ရှုစောင့်ရှောက်ရသလို ဇာတ်ကားအောင်မြင်ဖို့လည်း အားစိုက်ရပါတယ်။ အလုပ်တော်တော်များတဲ့ ကိစ္စပါ" ဟုဆိုသည်။

အက်ရှေးကူးမား၏ နောက်ထပ်ရိုက်ကူးမည့် ဇာတ်ကားမှာ Oh My God ဇာတ်ကားဖြစ်သည်။ အက်ရှေးကူးမားက ၂၀၁၁ ခုနှစ်သည် ၎င်းအတွက် အောင်မြင်မှုမရရှိသောနှစ်ဖြစ်ကြောင်း ဝန်ခံပြောကြားပြီး အက်ရှင်ဇာတ်ကားများ ရိုက်ကူးရန် စီစဉ်ထားသည်ဟု ထုတ်ဖော်ပြောဆိုသည်။ အင်တာနက်။

နာမည်ကျော် ဘောလီဝုဒ်မင်းသား အက်ရှေးကူးမား။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကရင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံရောက်ရှိစေရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးအခြေခံအဆောက်အအုံများ

- ✳ နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး ရောဂါဘယကင်းရှင်းရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် လူ့မျှော်မှန်းသက်တမ်းမြှင့်တင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။
- ✳ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကရင်ပြည်နယ်တစ်ခွင်လုံးကိုလည်း လွှမ်းခြုံပေးလျက်ရှိသည်။
- ✳ ကရင်ပြည်နယ်၏ ကျန်းမာရေးကဏ္ဍကို ပိုမိုမြင့်တက်အောင်မြှင့်တင်ပေးလျက်ရှိသည်။
- ✳ ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ပြီး အဆင့်မြှင့်တင်ပေးလျက်ရှိရာ မျက်မှောက်ခေတ်၌ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင်ပါဝင်သည့် ဘားအံမြို့၌ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး ပေါ်ထွက်လာသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ဘားအံမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီး(အပေါ်ဆုံးပုံ)ကို တွေ့ရစဉ်။

ကရင်ပြည်နယ် လှိုင်းဘွဲ့ပြည်သူ့ဆေးရုံကြီးက ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးလျက်ရှိသည်။ (အပေါ်ပုံ)

ဒေသခံပြည်သူများ တိုင်းရင်းဆေးဖြင့် ကုသနိုင်ရန်လည်း ဘားအံမြို့၌ ဘားအံတိုင်းရင်းဆေးရုံ(ယာပုံ)ကို တည်ဆောက်ပေးထားသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် မြိုင်ကလေးပြည်သူ့ဆေးရုံ(အောက်ပုံ)ကို တိုးချဲ့ဖွင့်လှစ်ပေးထားသည်။

- ✳ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများ အသစ်တည်ဆောက်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။
- ✳ ကရင်ပြည်နယ်တွင် တိုင်းရင်းဆေးရုံတစ်ရုံနှင့်အတူ တိုင်းရင်းဆေးကုဌာန ရှစ်ခုအထိ ရှိလာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

စစ်တွေမြို့ ရှုခင်းသာလမ်းနှင့် ကမ်းနားလမ်း ကွန်ကရစ်ခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၁

ယနေ့နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ပွိုင့်ရှုခင်းသာလမ်းမုခ်ဦးနှင့် ကျေးပင်ကြီးရပ်ကွက်ရှိ ကမ်းနားလမ်းမုခ်ဦးရှေ့၌ ရှုခင်းသာလမ်းနှင့် ကမ်းနားလမ်း နှစ်မိုင်ခြောက်ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ စစ်တွေမြို့ ရှုခင်းသာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအင်အား ၂၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးလှဟန်နှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုတို့က ရှုခင်းသာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကမ်းနားလမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပသည်။

ယနေ့ဖွင့်လှစ်သော ရှုခင်းသာလမ်းနှင့် ကမ်းနားလမ်းသည် အရှည် နှစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၂၄ ပေရှိပြီး မူလကတ္တရာလမ်းအမျိုးအစားဖြစ်၍ စစ်တွေမြို့ ဒေသခံပြည်သူများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အဓိကအသုံးပြုနေရသည့်လမ်းများဖြစ်သည့်အပြင် နှစ်ကာလကြာရှည်လာခြင်း၊ မိုးဒဏ်၊ လေဒဏ်ကြောင့်ပျက်စီးမှု များပြားခဲ့ခြင်းတို့ကြောင့် ဒေသခံပြည်သူများအတွက် ခရီးသွားလာမှု အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါပျက်စီးနေသော ရှုခင်းသာလမ်းနှင့် ကမ်းနားလမ်းတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနက နိုင်ငံတော်ထောက်ပံ့ငွေနှင့် စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေတို့ဖြင့် မူလကတ္တရာလမ်းများအား နှစ်ပေအမြင့်မြှင့်တင်၍ ရှုခင်းသာလမ်း အရှည်တစ်မိုင် ငါးဖာလုံအား အကျယ် ၂၄ ပေ၊ အထူ ရှစ်လက်မ ကွန်ကရစ်လမ်းသစ်အဖြစ်လည်းကောင်း၊ ကမ်းနားလမ်း အရှည် တစ်မိုင် တစ်ဖာလုံအား အကျယ်ပေ ၃၀၊ အထူ ရှစ်လက်မ ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးခဲ့ခြင်း၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပလက်ဖောင်းပြုလုပ်ပေးခြင်း၊ ခရီးသွားပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရန်နှင့် အပန်းဖြေနိုင်ရန် လမ်းဘေးဝဲယာ၌ ပန်းခုံများပြုလုပ်ပေးခြင်း၊ ပန်းအလှပင်များစိုက်ပျိုးပေးခြင်း၊ လမ်းမီးတိုင်များ အသစ်စိုက်ထူပေးခဲ့ခြင်း၊ ထိုင်ခုံများ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို လည်းကောင်း စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရှုခင်းသာလမ်းနှင့် ကမ်းနားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အရှည် နှစ်မိုင် ခြောက်ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ ဒေသခံပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုခဲ့သည့်အပြင် ပြည်နယ်မြို့တော်တစ်ခု၏ ဂုဏ်သိက္ခာနှင့်အညီ ဖြစ်စေခြင်း၊ နိုင်ငံတကာ ဧည့်ခရီးသွားများအတွက် အဆင့်အတန်းမြင့်မား၍ ကြည့်ရှုလေ့လာရန်၊ အပန်းဖြေရန်နေရာတစ်ခုအနေဖြင့် ဆွဲဆောင်မှုပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့နယ် ယာကြီးပြင်ကျေးရွာ၌ ကျင်းပသည့် မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့် ခွင့်ပြု ဒေသတွင်းရှိ ကျောင်းသားလူငယ်များ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မည်

နေပြည်တော် မတ် ၂၁

စီးပွားရေးဖွံ့ဖြိုးတိုးတက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရန်မှာ အချိန်ကာလ၊ အရင်းအနှီးများထက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုလိုအပ်ပါကြောင်း၊ သဘာဝသယံဇာတများသည် ထုတ်ယူသုံးစွဲပါက ကုန်ဆုံးသွားသော်လည်း ပညာထွက်ကုန်များသည် ယင်းကဲ့သို့ ကုန်ဆုံးသွားခြင်းမရှိဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ယင်းအတွက် ဒေသတွင်ရှိသည့် ကျောင်းသားလူငယ်များအနေဖြင့် အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်စေရန်နှင့် မိဘများ၏ အုပ်ထိန်းမှုအောက်၌ နေထိုင်ပြီး အခြေခံအလယ်တန်းပညာကို သင်ကြားနိုင်စေရန်အတွက် ယခုကဲ့သို့ နိုင်ငံတော်အစိုးရက စာသင်ကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်းဖြင့် မတ် ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ယာကြီးပြင်ကျေးရွာနှင့်မြို့စိုးကျေးရွာတို့၌ ကျင်းပသည့် မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုသည့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယာကြီးပြင်ကျေးရွာနှင့် မြို့စိုးကျေးရွာတို့ကို အလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့် ခွင့်ပြုလွှာများအား ကျောင်းအုပ်ကြီးများထံ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံနှင့် စေတနာရှင်များက ပညာရေးငွေပဒေသာပင်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်သူ သင်္ဘောနစ်မြုပ်၊ ခရီးသည် ၁၀ ဦး သေဆုံး

နေပြည်တော် မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ် သရက်တောကျေးရွာသို့ ပြေးဆွဲလျက်ရှိသော ပုသိမ်သူ(၁၁) အမြန်ရေယာဉ်သည် မတ် ၂၀ ရက် ညနေ ၃ နာရီခန့်တွင် ငဝန်မြစ်အတွင်း၌ မတော်တဆတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ အမြန်ရေယာဉ်သည် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပုသိမ်မြို့မှထွက်ခွာခဲ့ပြီး ငပုတောမြို့နယ် အုတ်ပုံရေကျော်အုပ်စု ကံဆိပ်ကျေးရွာသို့ ရောက်ရှိစဉ် ဆင်းမည့်ခရီးသည်များအား တံတားသို့ကပ်ပေးရာမှ ညနေ ၃ နာရီခန့်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ခရီးသည် ၁၀ ဦးသေဆုံးကာ ခရီးသည် ၇၂ ဦးနှင့် ရေယာဉ်အမှုထမ်းသုံးဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ၎င်းအနက်မှ ခရီးသည်ခြောက်ဦးအား ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါရေယာဉ်နစ်မြုပ်မှုတွင် ပါဝင်သော သေဆုံးသူများ၏ မိသားစုများနှင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နစ်မြုပ်ရေယာဉ်ကို ဆယ်ယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၃-၂၀၁၂ (ကြာသပတေးနေ့)

[၁၃၇၃ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ဥပုသ်နေ့]

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၄၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၃း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူက္ခဗေဒအထူးပြု) (ရူက္ခဗေဒ)
၅း၁၀ "အမှိုက်နှင့်သင့်တာဝန်"
၅း၃၀ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၅း၄၀ ဆောင်းမှနွေသို့ပြောင်းလဲခြင်း မိုးလေဝသဖြစ်စဉ်နှင့် မတ်လမိုးလေဝသအခြေအနေ
၆း၂၀ ချင်းတွင်းအနောက်ခရီးတစ်ခေါက် (အပိုင်း-၃)
၆း၄၅ ပျော်ရွှင်စေသောနေ့ရက်များ "နှလုံးသားမှချစ်ပန်းချီ" (အပိုင်း-၃) (ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၇း၀၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၂၅ "အံ့ဖွယ်အစုံအလင်နဲ့ သာသနာ့သမိုင်းဝင်တဲ့ ဖိုလ်ဝင်တောင်"
၇း၄၅ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
-"စိတ်အားထက်သန်ဆန္ဒအမှန်" (လူမင်း၊ ဖိုးသောကြာ၊ မိုးဒီ၊ ရှက်တယ်၊ နန္ဒာလှိုင်) (မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ စီစဉ်တင်ဆက်သည်)
-အစာလည်းဆေး၊ ဆေးလည်းအစာ
-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ်" (အပိုင်း-၁၆)
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၄၁)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တတိယအကြိမ်မြောက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တတိယအကြိမ်မြောက် (၇၅)နှစ်နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာများအား ပူဇော်ကန်တော့ပွဲကို မေ ၆ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ(လှိုင်နယ်မြေ) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ၁၉၃၇ ခုနှစ်အထိ မွေးဖွားသော သက်ကြီးအင်ဂျင်နီယာ/ဗိသုကာများသည် ဧပြီ ၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၀၁-၅၁၉၈၅၄၊ ၀၉-၅၁၄၀၀၀၃ နှင့် ၀၉-၅၁၄၁၃၂၂ တို့သို့ ဆက်သွယ်အကြောင်းကြားပေးရန်မေတ္တာရပ်ခံထားသည်။ အင်ဂျင်နီယာများနှင့်ဗိသုကာများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး သက်ကြီးအင်ဂျင်နီယာ/ဗိသုကာများအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။
(မြင့်အောင်)

ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့်နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် အမှတ်(၈၁) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ အီဂျစ်အာရပ်သမ္မတနိုင်ငံသံရုံးသို့ သွားရောက်၍ မတ် ၁၇ ရက်တွင် ကွယ်လွန်ခဲ့သော အီဂျစ်နိုင်ငံမှ His Holiness Pope Shenouda III, Pope of Alexandria and the Patriarch of all Africa on the Holy Apostolic See of Saint Mark the Evangelist အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ဩစတြေးလျသံတမန်များ တွေ့ဆုံ

နေပြည်တော် မတ် ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဩစတြေးလျနိုင်ငံသံရုံးမှ Counsellor (Immigration) Mr. Greg Wallis နှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံရုံးမှ Deputy Head of Mission Ms. Ruth Stewart တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနှင့် ဩစတြေးလျနှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုရင်းနှီးစွာ ဆက်ဆံဆောင်ရွက်ရေး၊ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် အကူအညီပေးရေး၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် သင်တန်းများနှင့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယနေ့ ဖတ် စ ရာ မှတ် စ ရာ

လှိုင် ဇာတ်လမ်းတွဲများ

ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်းတွင် ကျွန်တော် ကျောင်းဆရာ ၁၇ နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နေ့စဉ် လှိုင်မြစ်ကိုကူး၍ ကျောင်းတက်ခဲ့ရသည်။ ကျွန်တော်ကဲ့သို့ ဆရာ ဆရာမ ၁၀၀ ကျော်နှင့် အနောက်ဘက်ကမ်းနေ ပြည်သူ ၄၀၀၀၀ ခန့်တို့သည်လည်း လှိုင်မြစ်ကို ဖြတ်ကျော်ကာ နေ့စဉ်သွားလာနေကြရသည်။ ကူးစရာဆို၍ စက်တပ်သမ္ဗန်လေးများမှတစ်ပါး အခြားမရှိပါ။

လှိုင်မြစ်သည် ရေစီးမမှန်၊ ရေစီးလည်းသန်သည်။ နေရာအနှံ့ ဝဲဂယက်ရှိသည်။ လှိုင်မြစ်သည် စီးပွားရေးမြို့တော် ရန်ကုန်၏ အသက်သွေးကြောပမာ ကုန်စည်စီးဝင်ရာ ဗဟိုချက်ဖြစ်သည်။ သင်္ဘောကြီးများ ပုံမှန်ဝင်ထွက်သွားလာနေကြသည်။ လှိုင်မြစ်သည် စုန်ချည်ဆန်ချည် ပျားပန်းခပ်မျှ ဥဒဟိုမောင်းနှင်လျက်ရှိနေကြသော သင်္ဘော၊ ရေယာဉ်မျိုးစုံနှင့် နေ့ညမပြတ် စည်ကားနေသည်။ မြစ်ပြင်တစ်ကြော နေရာအနှံ့တွင်လည်း ရေပျော်သံဗောကြီးများ ခေါင်းလေးမော့ကာ ရေစီးကို အန်တုလျက်ရှိနေကြသည်။ သစ်လုံးတင်၊ သဲကျောက်တင် (Flat)ဖလပ်ပြားကြီးများမှအစ သင်္ဘောကြီးငယ်များ ရပ်နားရာနေရာဖြစ် သည်။ ဗောတစ်လုံးစီတွင် သင်္ဘောကြီးငယ်အနည်းဆုံး သုံးစင်းမှ ခြောက်စင်း၊ ခုနစ်စင်းထိ တန်းစီမှေးစက် အမောဖြေတတ်ကြသည်။

ခရီးသည်များကို နေ့စဉ်ပို့ဆောင်ပေးနေကြသော စက်တပ်သမ္ဗန်လေးများသည် ရေလယ်ဗောမှာ အနားယူနေသော သင်္ဘောများ၊ အပြိုင်မောင်းနေကြသော ရေယာဉ်ကြီးငယ်များနှင့် ရေမျောဒိုက်များ၊ အမှိုက်များကို ရှောင်ကာရှားကာ ကွေ့ကာဝိုက်ကာ လှည့်ကာပတ်ကာဖြင့် သတိထားမောင်းနှင်နေကြရသည်။ အကြောင်းအမျိုးမျိုးကြောင့် စက်ရပ်သွားခြင်း၊ သမ္ဗန်တိမ်းမှောက်သွားခြင်း ဖြစ်သွားပြီဆိုလျှင် ဗောများရှိ သင်္ဘောတန်းကို ရှောင်ကွင်းနိုင်က ဆိုးဆိုးရွားရွားပြဿနာမရှိ။ သို့မဟုတ်ပါက တဟည်းဟည်း ရေစီးနှင့်အတူ တန်းစီသင်္ဘောများအောက်သို့ လူရောသမ္ဗန်ပါ တလိမ့်ခေါက်ကွေး စုံးစုံးမြုပ်သွားကြရသည်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာမှ "မြုပ်လေပေါ့ ပေါ်မလာ" ဖြစ်ကြရသည်။ လှိုင်မြစ်အတွင်းမှာ မကြာမကြာ အသုံးတော်ခံနေသည့် မရိုးနိုင်သော ဝမ်းနည်းစရာ ဇာတ်လမ်းတွဲများဖြစ်ပါသည်။

ကြေးမုံစာတည်း၏ "ပြည်သူ့အသက် သင့်လက်တွင်းမှာရှိသည်" ရှုထောင့်အမြင်ကိုဖတ်ပြီး ကြည့်မြင်တိုင်အနောက်ကမ်းမှ ပြည်သူများနှင့် ဝန်ထမ်း ၁၀၀ ကျော်၏ အသက်သည် သမ္ဗန်သမားလေးများ၏ လက်ထဲမှာလား။ ရေပျော်ဗောကြီးများဆီမှာလား။ ဒါမှမဟုတ် လှိုင်မြစ်၏ အေးစက်ရင်ခွင်ထဲမှာလား။ စဉ်းစားကြည့်မိပါသည်။ အကယ်၍ ရေဗောကြီးများသာမရှိပါက တန်းစီသင်္ဘောများမရှိနိုင်သလို၊ ရေလယ်တွင် စက်ရပ်တိမ်းမှောက်ငြားလည်း ရေသင့်ရာမျောပါရင်း အကူအညီရယူနိုင်သည်။ ယခုကား အကူအညီယူချိန်မရမီ သင်္ဘောတွေအောက် ရောက်သွားရသည်။ မသေသင့်ဘဲ သေကြရသည်။ ကာလရှည်ကြာရှိခဲ့ပါပြီ။

ယနေ့တိုင် လှိုင်မြစ်က တဟည်းဟည်းနှင့် စီးဆင်းနေမြဲ။ သင်္ဘောကြီးငယ်များ စုန်ဆန်သွားလာနေမြဲ။ ရေဗောကြီးများတွင် သင်္ဘောကြီးငယ်များ တန်းစီမှေးစက်နေဆဲ။ လူစီးသမ္ဗန်လေးများ ကွေ့ဝိုက်မောင်းနှင်ကာ ဝတ္တရားမပျက် အကျိုးဆောင်ပေးနေဆဲ။ ဘုရား'တ'ရင်း သွားလာနေကြရသော ပြည်သူများ နေ့တိုင်း တရားစာရွတ်ဆိုကုသိုလ်ရယူနေကြဆဲ......၊ လှိုင်ဇာတ်လမ်းတွဲများကို မကြည့်လို မမြင်လိုတော့ပါပြီ။ ။

အောင်ကျော်ညို(ဆင်ချဆိပ်)

မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများအတွက် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Power Grid Corporation of India Ltd. တို့အကြား မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၂၀ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Power Grid Corporation of India Ltd. တို့အကြား မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် Power Grid Corporation of India Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုချုပ်ဆိုသည့် စာချုပ်သည် ရခိုင်ပြည်နယ်အတွင်း အိန္ဒိယနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်း အသုံးပြုဆောင်ရွက်မည့် သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ဆက်စပ် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများဖြစ်သည့် ဥသျှစ်ပင်-တောင်ကုတ် ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ တောင်ကုတ်-မအီ၊ မန်း-အမ်း ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မအီ-ကျောက်ဖြူ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မအီ-ကျောက်ဖြူ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောင်ရွက်ရေးလိုအပ်သော ပစ္စည်းများ ဝယ်ယူရန်ဖြစ်ကြောင်း၊ စီမံကိန်းပစ္စည်းများ သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ ရောက်ရှိပြီး တစ်နှစ်ခွဲမှ နှစ်နှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနိုင်ရေး လျာထားကြောင်း။

လက်ရှိကာလတွင် ရခိုင်ပြည်နယ်သည် မဟာဓာတ်အားလိုင်းစနစ် (National Grid) မှ ဓာတ်အားမရရှိသေးသဖြင့် ဒီဇယ်အင်ဂျင်သုံး မီးစက်များကို အသုံးပြု၍ ဓာတ်အားပေးလျက်ရှိသော

ကြောင့် ပြည်သူများမှာ ဓာတ်အားခပိုမိုကြီးမြင့်စွာပေးဆောင်၍ ဓာတ်အားရယူသုံးစွဲနေရကြောင်း၊ စီမံကိန်းလုပ်ငန်းများပြီးစီးပါက ရခိုင်ပြည်နယ်ရှိ အမ်း၊ စစ်တွေ၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ကျောက်တော်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မအီမြို့များနှင့် ပတ်ဝန်းကျင်ဒေသများတွင် လျှပ်စစ်ဓာတ်အားကို ဓာတ်အားစနစ်မှ ဓာတ်အားရရှိ သုံးစွဲနိုင်မည်ဖြစ်ပြီး တောင်ကုတ်မှတစ်ဆင့် သံတွဲ၊ ဂွ၊ ကျိန္တလီနှင့် ဂွမြို့များသို့ ဓာတ်အားဆက်လက်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Power Grid Corporation of India Ltd. မှ Director (Pers.) Mr. I.S.JHA က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် Power Grid Corporation of India Ltd. မှ Director (Pers.) Mr. I.S.JHA တို့သည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းများအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် စာချုပ်များကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရင်းကိုင်သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း၏ (၂၄၂)ကြိမ်မြောက် စာရင်းကိုင်သင်တန်းနှင့် (၁၅၃)ကြိမ်မြောက် ဒုတိယအဆင့် စာရင်းကိုင်ပညာအခမဲ့သင်တန်းများကို ဧပြီ ၂၉ ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ စာရင်းပေးသွင်း၍ တက်ရောက်နိုင်သည်။

(၂၄၂)ကြိမ်မြောက် စာရင်းကိုင်သင်တန်းများကို လုပ်ငန်းခွင်ဝင်ရောက်နေသူများ အဆင်ပြေစေရန် တနင်္ဂနွေ တစ်ရက်သင်တန်းနှင့် စနေ၊ တနင်္ဂနွေ နှစ်ရက်သင်တန်းဟူ၍ ခွဲခြားဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် မြန်မာနိုင်ငံစာရင်းကိုင်များအသင်း အမှတ်(၉၁/၉၃) (၄၉)လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉နှင့် ၀၉-၅၄၁၀၉၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

(တင်ထွန်းအောင်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မျက်စိအတွင်းတိမ် ခွဲစိတ်ကုသလူနာများနှင့် ဆေးရုံအတွက်အလှူငွေများလှူဒါန်း

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသလူနာများနှင့် ဆေးရုံပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာရေးမှူး ဒေါ်ရီရီဝင်း မိသားစုကလည်း ငွေကျပ် တစ်သိန်းကိုပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက လက်ခံသည်။ **(ဓါတ်ပုံ)**

ပျဉ်းမနား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး မျက်စိအတွင်းတိမ်ခွဲစိတ်ကုသလူနာများနှင့် ဆေးရုံအတွက်လည်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ၁၀ သိန်းလှူဒါန်းပြီး ဘဏ္ဍာရေးမှူး ဒေါ်ရီရီဝင်းမိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းကာ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး၌ ခွဲစိတ်ကုသပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက်တွင် နွေရာသီ ယဉ်ကျေးလိမ္မာ သင်တန်းဆင်းဆုပေးပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ဥတ္တမဝံသ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ မဓာနနာယက ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဝေက က ဩဝါဒကထာ မြွက်ကြားတော်မူပြီး တတိယတန်းမှ အဋ္ဌမတန်းအထိ ဆုရရှိကြသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သင်တန်းကို မတ် ၄ ရက်မှ ၁၃ ရက်ထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၂၁၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၆၈၄)

အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

မန္တလေး မတ် ၂၁

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူးပြီး အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းက စီစဉ်ကျင်းပမည့် တတိယအကြိမ် အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် Mandalay Hill Resort Hotel ၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပ မျိုးနွယ်ခွေး၊ ကြောင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြည်တွင်းပြည်ပ အကဲဖြတ်ဒိုင်များဖြင့် ရွေးချယ်ကာ ဆုများ ထိုက်တန်စွာ ပေးအပ်သွားမည်။ ပြိုင်ပွဲဝင်လိုသူများသည် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၁၅၀၀၀ နှင့်အတူ လျှောက်လွှာတင်သွင်းနိုင်သည်။ အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲတွင် တိရစ္ဆာန်အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးအရောင်းဆိုင်များ၊ တိရစ္ဆာန်ထွက် စားသောက်ဆိုင်များလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကိုကိုကြီး)

မန္တလေးမြို့တော်ဝန်မဟာသကြၤန်မဏ္ဍပ်များ စတင်ဆောက်လုပ်

မန္တလေး မတ် ၂၁

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်တွင် အလှပြမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များဖြင့် စည်ကားစွာ ကျင်းပမည်။ မြို့တော်ဝန် မဟာသင်္ကြန် ဆုပေးမဏ္ဍပ်ကိုလည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ ဆောက်လုပ်လျက်ရှိပြီး မဏ္ဍပ်အလှဆင် ဒီဇိုင်းပြိုင်ပွဲကိုလည်း ဖိတ်ခေါ်ထားသည်။ ၁၃၇၃ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်တွင် ဌာနဆိုင်ရာနှင့် ကုမ္ပဏီများမှ အလှပြနှင့် ရေကစားမဏ္ဍပ် ၄၀ ကျော်ရှိပြီး (၂၆) လမ်း ကျုံးတောင်ဘက်ရှိ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် **(ဓါတ်ပုံ)**၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ့မဏ္ဍပ်နှင့် အယ်လ်ပိုင်းရေကစားမဏ္ဍပ်ကြီးများတွင် ရုပ်ရှင်အနုပညာရှင်များက တေးသီချင်းများဖြင့် လာရောက်ဖျော်ဖြေရန် စီစဉ်ထားကြောင်း သိရသည်။

(၆၅၃)

2012 AFC Cup ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက်အသင်း မလေးရှားကလပ် ကီလန်တန်ကို အနိုင်ရရှိ

ရန်ကုန် မတ် ၂၁

အာရှဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် 2012 AFC Cup အုပ်စု(H) ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီယူနိုက်တက်အသင်းနှင့် မလေးရှား စူပါလိဂ်ကလပ် ကီလန်တန်အသင်းတို့ ပွဲစဉ်ကို မတ် ၂၁ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပခဲ့ရာ အိမ်ရှင် ရောဝတီယူနိုက်တက်အသင်းက ၃-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရောဝတီအသင်းတွင် အဓိကကစားသမားတစ်ဦးဖြစ်သူ မင်းမင်းသူ ပါဝင်ကစားနိုင်ခြင်းမရှိသော်လည်း မိမိပရိသတ်ရှေ့တွင် တစ်သင်းလုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းတွင် ဂျူပီတာ၊ မီရို၊ ဂွါန်နှင့် ပြည်တွင်းကစားသမားများဖြစ်သည့် နန္ဒလင်းကျော်ချစ်၊ အောင်ကျော်မျိုး၊ သီဟစည်သူ၊ ဇော်ဇော်ဦး၊ စိုင်းသန်းအောင် စသည့် အဓိကကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲအစ ၅ မိနစ်မှာပင် ရောဝတီအသင်း တိုက်စစ်ကြောင့် ကီလန်တန်နောက်ခံလူ အိုဘင်နာ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် အိမ်ရှင်မြန်မာကလပ်အသင်းက စိတ်ဓာတ်ပိုင်း အသာစီးရယူသွားနိုင်ခဲ့သည်။ ကီလန်တန်အသင်းမှာ ပထမပိုင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရောဝတီအသင်း တိုက်စစ်ကိုသာ ခုခံနေရသည်။ ပွဲချိန် ၄၂ မိနစ်တွင် အောင်ကျော်မျိုးက ၁၈ ကိုက်စည်းအတွင်း ဆွဲဝင်ပြီး အပြင်းကန်သွင်းရာ ကီလန်တန်ဂိုးသမား မည်သို့မျှ မကာကွယ်နိုင်တော့ဘဲ ဒုတိယဂိုး ပေးလိုက်ရသဖြင့် ပထမပိုင်းအပြီးတွင် ရောဝတီက ၂-၀ ဂိုးဖြင့် အနိုင်ရနေခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ
ဇော်မင်းအောင်(၁၀၇)

ရောဝတီယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် ကီလန်တန်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။

ဒုတိယပိုင်း ပြန်လည်စတင်ရာတွင်မူ ကီလန်တန်အသင်း ကစားပုံကောင်းလာခဲ့ပြီး အပြန်အလှန်တိုက်စစ်ဆင်လာနိုင်ခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် ရောဝတီ နောက်ခံလူ ကျော်ဇေယျာဝင်း ပြိုင်ဘက်ရှေ့တန်းလူကို ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သဖြင့် ပယ်နယ်တီ ပေးလိုက်ရသည်။ ယင်းပယ်နယ်တီကို ကီလန်တန်အသင်း၏ လက်ဘန္ဒန်လက်ရွေးစင် ရှေ့တန်းလူ မိုဟာမက်ခါဒရီက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သဖြင့် ပွဲမှာ ၂-၁ ဂိုးရလဒ်ဖြစ်နေသည်။ မိနစ် ၇၀ နောက်ပိုင်းတွင် ရောဝတီအသင်း လူအပြောင်းအလဲလုပ်ခဲ့ရာ ကစားပုံပိုမိုကောင်းမွန်လာခဲ့ပြီး ကီလန်တန်အသင်း ချေပဂိုးရရန် ပိုမိုခက်ခဲလာခဲ့သည်။ ပွဲချိန် ၈၁ မိနစ်တွင် ရောဝတီအသင်းအတွက် အနိုင်သေချာစေမည့် တတိယမြောက်ဂိုးကို ဂျူပီတာက သွင်းယူပေးခဲ့ပြန်ရာ ကီလန်တန်အသင်း နာကျင်အချိန်ပို နှစ်မိနစ်ပြီးဆုံးသည်အထိ ပြန်လည် ချေပနိုင်စွမ်းမရှိတော့ဘဲ ၃-၁ ဂိုးဖြင့် အရှုံးပေးခဲ့ရသည်။ ထိုပွဲတွင် AFC Match Commissioner ၏ အကောင်းဆုံးကစားသမားအဖြစ် ရောဝတီကွင်းလယ်လူ အောင်ကျော်မျိုးက ရရှိသွားခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းသည် ယခုပွဲစဉ်အား အနိုင်ရရှိခဲ့သဖြင့် အုပ်စု (H) တွင် ရမှတ်လေးမှတ်ဖြင့် အမှတ်ပေးဇယားပထမနေရာကို ဦးဆောင်သွားနိုင်ခဲ့သည်။

ဟောင်ကောင်သို့ အဝေးကွင်းပွဲစဉ်အဖြစ် သွားရောက်ကစားခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာမူ အိမ်ရှင် စီတီဇင်အသင်းအား ၂-၁ ဂိုးဖြင့်ကပ်၍ အရေးနိမ့်သွားခဲ့ရသည်။ အဆိုပါပွဲစဉ်ကို မြန်မာစံတော်ချိန် ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ၌ အိမ်ရှင်အသင်းက ပွဲချန် ၂၅ မိနစ်တွင် ဟီလီရို၏ သွင်းဂိုးဖြင့် အနိုင်ရနေသော်လည်း ရန်ကုန်အသင်းဘက်မှ တိုက်စစ်မှူး မီလန်က ယခုနှစ်ပြိုင်ပွဲ၏ အလှပဆုံး နောက်ပြန်ကန်သွင်းချက်ဖြင့် ပွဲချိန် ၆၇ မိနစ်တွင် သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီသရေကျနေခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းအချိန်ပြည့်နီးပါး တရစပ်တိုက်စစ်ဆင် ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၈၉ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် စီတီဇင်အသင်း ခေါင်းဆောင် ဘာစီ၏ ဂိုးသွင်းယူမှုကို မကာကွယ်နိုင်ခဲ့သဖြင့် ပွဲအပြီးတွင် ၂-၁ ဂိုးဖြင့် ကပ်ရှုံးသွားခဲ့ရသည်။

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

စီးပွားဖြစ်သပြေစိုက်ပျိုးသူများ အောင်မြင်

ရေတာရှည် မတ် ၂၁

စပါးစိုက်တောင်သူများ စပါးဈေးမကောင်းသဖြင့် အရှုံးပေါ်တွက်ခြေမကိုက်သောကြောင့် စီးပွားဖြစ် သပြေပန်းများစိုက်ပျိုးလျက်ရှိရာ အထူးအောင်မြင်လျက်ရှိသည်ကို ရေတာရှည်မြို့နယ် ဆင်ဝွေကျေးရွာ၌ မြင်တွေ့ခဲ့ရသည်။**(ယာပုံ)** သပြေပန်းပျိုးပင်များကို ကျောက်ကြီးမြို့နယ် မီးတိုင်တောဒေသမှ အပင်ပေါက်တစ်ပင်လျှင် ခြောက်ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သပြေပန်းစိုက်ပျိုးသူ ဦးလှမွေးက ရှင်းပြသည်။ ယခုလိုပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် စိုက်ခင်းပေါင်အလိုက် ရေနိုင်နိုင်သွင်းပေးရပြီး တစ်နှစ်သားနှင့် အပင်ကြီးထွားမှုအပေါ်မူတည်၍ ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၄၀ အထိ အခင်းဖြစ်အပင်အရေအတွက် ဈေးရောင်းချရသည်ဟု သိရှိရသည်။

"အခုလတ်တလော နှစ်ရာ၊ ငါးရာ၊ တစ်ထောင်ဖိုးထိ ဝယ်ကြတာတွေ့ရတယ်၊ အပင်ကလည်း အပေါ်ညွန့်နှိမ်ပေးရမှာဆိုတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို မီးဖိုချောင်စရိတ်ရတာပေါ့" ဟု ဦးလှမွေးက ပြောပြသည်။ (၅၇၈)

နွေရာသီအားကစားသင်တန်းများဆင်းပွဲ ထားဝယ်၌ ကျင်းပ

နေပြည်တော် မတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် နွေရာသီအားကစားသင်တန်းများဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

နွေရာသီအားကစားသင်တန်း ၁၅ မျိုးကို သုံးပတ်ကြာဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသား ၁၀၁ ဦးနှင့် သင်တန်းသူ ၉၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် The New Saigon Exhibition & Convention Centre (SECC), 799 Nguyen Van Linh, District 7 တွင် မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် 4th International Exhibition on Livestock, Dairy, Meat Processing & Aquaculture Expo-ILDEX Vietnam 2012 သို့ တက်ရောက်ရန်နှင့် ဗီယက်နမ်နိုင်ငံ၏ ခေတ်မီတိုးတက်သည့် ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပြုပြင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နေသည့် စက်ရုံများသို့ လေ့လာရန်အတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် ဦးဆောင်၍ လုပ်ငန်းဆိုင်ရာအသင်းများမှ လုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်သော အဖွဲ့ဝင် ၁၃ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

တီအီးကုန်တင်ကား တိမ်းမှောက်

ပဲခူး မတ် ၂၁

ပဲခူးတိုင်းဒေသကြီး အင်းတကော်ကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၆/၅) နှင့် (၃၆/၆) အကြား မတ် ၂၀ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ယာဉ်မောင်း တင်စိုး (၄၀) နှစ် ရွှေပြည်သာစည်ပင်ဝင်းနေသူ မောင်းနှင်သည့် ယာဉ်အမှတ် သ/. . . တီအီး ခြောက်ဘီးယာဉ်သည် ဖွဲများတင်ဆောင်လာပြီး တိမ်းမှောက်ခဲ့ရာ**(အောက်ပုံ)** ကားပေါ်တွင်ပါလာသော ကုန်တင်ကုန်ချ အလုပ်သမားတချို့ ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြရာ ယာဉ်မောင်းအား သက်ဆိုင်ရာ အင်းတကော်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (မျိုးသိန်း-ပဲခူး)

မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၂၁

(၅၉)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ၂၀၁၂ မတ် ၂၄ ရက်(စနေနေ့) ညနေ ၃ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည် ဖြစ်ပါသဖြင့် ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ်ဖြတ်လမ်းတွင် ယာဉ်တစ်စီးတိမ်းမှောက် သုံးဦးသေဆုံး၊ ခုနစ်ဦး ဒဏ်ရာရရှိ

မြစ်ငယ် မတ် ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် ဖြတ်လမ်း ဒေါင်းရွေးကျေးရွာအနီး၌ မတ် ၁၁ ရက် နံနက် ၉ နာရီတွင် ဘုရားဖူး Light Truck ယာဉ်တစ်စီး တိမ်းမှောက်ရာ ကားပေါ်တွင် ပါဝင်သူများအနက် သုံးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြသည်။

ဖြစ်စဉ်မှာ မြစ်ငယ်မြို့အနီး ပတ်ဝန်းကျင်မှ ရေကြည်ပေါက်ရွာ၊ ကတ္တီပါရွာနှင့် မြစ်တူးရွာတို့မှ ပြည်သူများသည် ယာဉ်မောင်းမြင့်ထွန်း မောင်းနှင်သည့် Light Truck မော်တော်ယာဉ် (၈ဇ/-----) ဖြင့် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံဘုရားပွဲတော်သို့ အသွား ထုံးဘို-မြစ်ငယ်ဖြတ်လမ်း ဒေါင်းရွေးရွာအနီးအရောက်တွင် ကား၏ ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ အနီးရှိသစ်ပင်ကို ဝင်တိုက်မိသဖြင့် ကားပေါ်တွင်ပါလာသော ကိုစိုးလွင်သည် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးပြီး ကိုသောင်းနိုင်ဝင်းနှင့် ကိုမျိုးဝင်းတို့သည် မန္တလေးမြို့ ဆေးရုံကြီးအရောက်တွင် ထပ်မံသေဆုံးသဖြင့် စုစုပေါင်း သုံးဦး သေဆုံး၍ ကျား ငါးဦး၊ မ နှစ်ဦး ဒဏ်ရာအသီးသီး ရရှိသွားကြသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ယာဉ်မောင်းမြင့်ထွန်းအား မြစ်ငယ်ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၄၃၃)

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းအတည်ပြု

နေပြည်တော် 	မတ် 	၂၁

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၁၅)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခုလက်ခံရရှိကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က မတ်လ ၂၀ ရက်တွင် ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ကြောင်း၊ ပြင်ဆင်ချက်မှာ ခေါင်းစဉ်ကိုသာ ရေးထုံးမှန်ကန်အောင် ပြင်ဆင်ခြင်းဖြစ်သည့်အတွက် ဥပဒေကြမ်း၏ အမည်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က မတ်လ ၂၀ ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းကို စိစစ်ပြီး ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းရမည်ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်" တိကျစွာဖော်ပြ၍ မတ်လ ၂၂ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး(၁၈)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်သွင်း

နေပြည်တော် 	မတ် 	၂၁

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၈၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ခဲ့သော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက်ပေးပို့လာခြင်းနှင့် ပတ်သက်၍ လွှတ်တော်သို့ အသိပေးဆောင်ရွက်ကြောင်းသိရသည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားသည့်အခါ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရပ်နားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

2012 AFC Cup ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက်အသင်း မလေးရှားကလပ် ကီလန်တန်ကို အနိုင်ရရှိ
အားကစားသတင်း စာမျက်နှာ ၁၀

ယနေ့ ဖတ်စရာ မှတ်စရာ
လှိုင် ဇာတ်လမ်းတွဲများ
ပြည်တွင်းသတင်း စာမျက်နှာ ၉

ဘော့စနီးယားနိုင်ငံ၌ စစ်ပွဲလက်ကျန် မြေမြှုပ်မိုင်းပုံး ဘေးအန္တရာယ် ရှိနေဆဲ
နိုင်ငံတကာသတင်း စာမျက်နှာ ၇

သံတောင်မြို့နယ်ထွက် တံမြက်စည်းပင်များ ရန်ကုန်မှ အဝယ်လိုက်
ပြည်တွင်းသတင်း စာမျက်နှာ ၃